# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ - ၁၈၂)


၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၈၇)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ၊ ပူးတွဲသမ္မတများဖြစ်ကြသည့် မစ္စတာ ဒန်နီရယ် အော်တီဂါ ဆာဗေဒရာ နှင့် မစ္စစ် ရိုဆာရီယို မူရီလို တို့ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် မေ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ၊ ပူးတွဲသမ္မတများဖြစ်ကြသည့် မစ္စတာ ဒန်နီရယ် အော်တီဂါ ဆာဗေဒရာ နှင့် မစ္စစ် ရိုဆာရီယို မူရီလို တို့ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့လာပါသည်။

မာနာဂွါမြို့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်

**အဆွေတော်**
**ဦးမင်းအောင်လှိုင်**
**ရွေးကောက်ခံသမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ညီညွတ်ရေးအစိုးရနှင့် ပြည်သူများကိုယ်စား မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြလိုပါသည်။

အခါအခွင့်ကြုံခိုက် မိမိတို့နှစ်နိုင်ငံအကြား တည်ရှိနေသည့် ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုကို ဆက်လက်ခိုင်မာအောင်လုပ်ဆောင်သွားမည့် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်။ မိမိတို့၏ ပြည်သူများအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေး၊ ကျန်းမာသုခနှင့် ဖွံ့ဖြိုး တိုးတက်ရေးများကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

မင်္ဂလာအပေါင်းနှင့်ပြည့်စုံ၍ အစဉ်အမြဲလွတ်လပ်သော နီကာရာဂွါနိုင်ငံရှိ ပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ညီရင်းအစ်ကိုပမာ နွေးထွေးစွာ နှုတ်ခွန်းဆက်သပါကြောင်း ပြောကြားလိုပါသည်။

**ဒန်နီရယ် အော်တီဂါ ဆာဗေဒရာ** | **ရိုဆာရီယို မူရီလို**

### ယနေ့ ဖတ်စရာ


ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန် — ထုတ်ပြန်ချက် စာ ၅

အကောက်ခွန်ဦးစီးဌာနက မဟာသင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း လုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာချက် — ထုတ်ပြန်ချက် စာ ၇

သဘာဝမြေဩဇာသုံးစွဲခြင်းမှသည် စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးသို့ ... — ဆောင်းပါး စာ ၈





## ကချင်ပြည်နယ် မြစ်ကြီးနားလေဆိပ်၌ လေကြောင်းလိုင်းများဆင်းသက်မှု ရက်ပေါင်း ၄၀ ကျော် ရပ်နားထားခဲ့ပြီး ယနေ့မှစ၍ ပြန်လည်ပြေးဆွဲ

မြစ်ကြီးနား မေ ၄

ကချင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးတွင် အဓိကကျသည့် လေကြောင်းလိုင်းပြေးဆွဲမှုများကို ဖေဖော်ဝါရီ ၂၁ ရက်မှစတင်၍ ရပ်နားထားခဲ့ရာမှ မေ ၄ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားလေဆိပ်၌ ခရီးသည်တင်လေကြောင်းလိုင်းများ စတင်၍ ပြန်လည်ပြေးဆွဲနေပြီဖြစ်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑

# တရားရေးအရာရှိကြီးများမွမ်းမံသင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၄**

တရားရေးအရာရှိကြီးများ မွမ်းမံသင်တန်းအမှတ်စဉ်(၅)သင်တန်းဆင်းပွဲ အခမ်းအနားကိုယမန်နေ့နံနက်၇နာရီတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားရေးကောလိပ်(Judicial College)၌ ကျင်းပရာ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဋ္ဌေး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။ **(ယာပုံ)**

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

သင်တန်းကာလမှာ ဖေဖော်ဝါရီ ၃ ရက်မှ ဧပြီ ၃ ရက်အထိ ရက်သတ္တ ကိုးပတ်ကြာမြင့်ကြောင်းနှင့် သင်တန်းသို့ ဒုတိယ ညွှန်ကြားရေးမှူး၊ ခရိုင်တရားသူကြီးနှင့် တွဲဖက်ခရိုင်တရားသူကြီး အဆင့်ရှိ သင်တန်းသား ၁၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# ရန်ကုန်မြို့ Lotte Hotel ၌ The 2nd ASEAN Rice Trade Summit 2026 အခမ်းအနား ကျင်းပ

**ရန်ကုန် ဧပြီ ၄**

The 2nd ASEAN Rice Trade Summit 2026 အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ Azalea Stars အဖွဲ့က မြန်မာ့ယဉ်ကျေးမှုအကအလှများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ (MYANTRADE)၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထိန်လင်းတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ယင်းနောက် Combodia Rice Federation၊ အထွေထွေအတွင်းရေးမှူးချုပ်၊ Lao National Chamber of Commerce and Industry (Lao NCCI)၊ တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ်၊ Thai Rice Exporters Association(TREA)၊ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ၊ Vietnam Food Association(VFA)၊ ဥက္ကဋ္ဌတို့က ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ ဒေသတွင်းဆန်စပါးဈေးကွက် အခြေအနေများ၊ လတ်တလောဖြစ်ပေါ်ပြောင်းလဲနေမှုများနှင့်ပတ်သက်၍ SS Rice News တို့မှ တာဝန်ရှိသူများက ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား ဂုဏ်ပြုအမှတ်တရလက်ဆောင်များကို ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြသထားသည်များကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **ဖွဲ့ထက်ကို(မြန်/ဆက်)**

❑ *ရွှေဖုံးမှ*

### ရက်ပေါင်း ၄၀ ကျော်ကြာ ရပ်နားထားခဲ့

ဖေဖော်ဝါရီ၂၀ရက်ည၈နာရီ၁၂မိနစ်ခန့်တွင်မြစ်ကြီးနားလေဆိပ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် မြန်မာအမျိုးသားလေကြောင်းလိုင်း ထိခိုက်မှုဖြစ်ပွားခဲ့သဖြင့် ဖေဖော်ဝါရီ ၂၁ ရက်မှစတင်၍ လေယာဉ်ပြေးဆွဲမှုများကို ရက်ပေါင်း ၄၀ ကျော်ကြာ ရပ်နားထားခဲ့ရခြင်းဖြစ်သည်။

### အလှည့်ကျပြေးဆွဲသွားမည်

ယနေ့တွင် ပြည်တွင်းပြေးဆွဲလျက်ရှိသော Air ThanLwin လေကြောင်းလိုင်း စတင်ပြေးဆွဲခြင်းဖြစ်ပြီး အများပြည်သူခရီးသွားလာမှု အဆင်ပြေစေရေးအတွက် မြစ်ကြီးနား လေဆိပ်မှ ပုံမှန်ပြေးဆွဲနေကြသော လေကြောင်းလိုင်းများဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း၊ Air ThanLwin လေကြောင်းလိုင်း၊ မန်းရတနာပုံလေကြောင်းလိုင်း၊ မင်္ဂလာလေကြောင်းလိုင်း စသည့်လေကြောင်းလိုင်းလေးခုမှ တစ်ပတ်လုံး အလှည့်ကျပြေးဆွဲသွားမည်ဖြစ်ကာ ပူတာအိုလေဆိပ်သို့လည်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ တစ်ပတ်လျှင် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေ နှစ်ရက်ပြေးဆွဲပေးသွားမည်ဖြစ်သည့်အပြင် မန်းရတနာပုံလေကြောင်းလိုင်းနှင့် မင်္ဂလာလေကြောင်းလိုင်းတို့မှလည်း ပူတာအိုသို့ ပြေးဆွဲနိုင်ရေး စီစဉ်ထားကြောင်း မြစ်ကြီးနားလေဆိပ်တာဝန်ခံ ဦးစည်သူက ပြောသည်။

### ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားမည်

ယခုအခါ လေကြောင်းလိုင်းများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ ခရီးသွားလာမှု၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကြောင့် ခရီးသွားလာမည့်သူများ ပိုမိုအဆင်ပြေသွားမည်ဖြစ်သည့်အပြင် ဌာနဆိုင်ရာများ၏ ရုံးလုပ်ငန်းများမှာလည်း ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(မြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဧပြီ ၄**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးစိန်ဦးသည် ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာစက္က အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကာ ဆရာတော်ထံမှ ဩဝါဒခံယူသည်။

ထို့နောက် ကျောင်းဝင်းအတွင်းရှိ ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ရန်ပုံငွေဖြင့် ဆောက်လုပ်လှူဒါန်းထားရှိသည့် သာသနိက အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အဆောက်အအုံများ ရေရှည်တည်တံ့ရေးအတွက် စနစ်တကျ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ဈေးပိုင်းရပ်ကွက်ရှိ ဥတ္တရာရုံပရိယတ္တိစာသင်တိုက်သို့ရောက်ရှိရာ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဇနေဘာသအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းအဝင်မုခ်ဦး ပြုပြင်တည်ဆောက်ရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်တွင် ထမနဲသင်္ကြန်ကျင်းပမည့် မြန်မာ့စီးပွားရေးဘဏ်ရှေ့ မြေနေရာနှင့် သနပ်ခါးသင်္ကြန်ကျင်းပမည့် မြို့နာမ်စေတီတော်ရှေ့ မြေနေရာများနှင့် လမ်းလျှောက်သင်္ကြန်မုခ်ဦး ဆောက်လုပ်နေမှုများ၊ လမ်းလျှောက်သင်္ကြန်တွင် ရေပန်းများ စနစ်တကျတပ်ဆင်ထားရှိမှုများကိုကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရန်၊ သင်္ကြန်ရေ လုံလောက်စွာရရှိရန်နှင့် လမ်းလျှောက်သင်္ကြန်တွင် ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲနိုင်ရေး ဆောင်ရွက်ပေးရန် မှာကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်ခန်းမအတွင်း ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကိုယ်စားပြု သီရိမေယိမ်းအဖွဲ့၏ အကလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး ယိမ်းအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(မြန်/ဆက်)**

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း နေပြည်တော်ရင်ပြင်၌ လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၄**

ယခုနှစ် ကျင်းပမည့် မဟာသင်္ကြန်ပွဲတော်သည် သာမန်ပျော်ပွဲရွှင်ပွဲတစ်ခုထက်ပို၍ နိုင်ငံတော်အစိုးရ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၊ ပြည်သူများအားလုံး ပူးပေါင်းပြီး စိတ်သစ်၊ လူသစ်၊ နိုင်ငံရေးအခင်းအကျင်းသစ်များဖြင့် အတူတကွ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်၊ အနှစ်သာရရှိသည့် မြန်မာ့ရိုးရာပွဲတော်တစ်ခု ဖြစ်စေရန် ရည်ရွယ်ကျင်းပသွားမည်ဖြစ်ရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ရင်ပြင်၌ လမ်းလျှောက်သင်္ကြန် ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။ (ယာပုံ)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် နေပြည်တော်ရင်ပြင်၌ လမ်းလျှောက်သင်္ကြန် မုခ်ဦးတည်ဆောက်နေမှု၊ ဖွင့်ပွဲအခမ်းအနား ကျင်းပနိုင်ရေး စီမံဆောင်ရွက်နေမှု၊ ဖွင့်ပွဲအခမ်းအနားတွင် ယိမ်းအဖွဲ့များ သီဆိုကပြ ဖျော်ဖြေတင်ဆက်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ မြန်မာ့ရိုးရာသနပ်ခါးနှင့် လက်ဖက်ပွဲတော်မဏ္ဍပ်နှင့် ထမနဲမဏ္ဍပ် တည်ဆောက်နေမှု၊ ဝန်ကြီးဌာနများအလိုက် မဟာသင်္ကြန်မဏ္ဍပ်များ တည်ဆောက်နေမှု၊ စတုဒိသာကျွေးမွေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ လမ်းလျှောက်သင်္ကြန် ကျင်းပမည့် ဧရိယာအတွင်း မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးနှင့် ရေပြတ်တောက်မှု မရှိစေရေး စီမံဆောင်ရွက်နေမှု၊ လမ်းလျှောက်သင်္ကြန် လာရောက်လည်ပတ်ကြသည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး စီမံဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကော်မတီအသီးသီးအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် အချိန်မီပြီးစီးစေရေး ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။ နေပြည်တော်ရင်ပြင်၌ ကျင်းပမည့် လမ်းလျှောက်သင်္ကြန်တွင် ပြည်တွင်းမှ နိုင်ငံကျော် အနုပညာရှင်များ ဖြစ်သည့် အကယ်ဒမီများရှင်ရန်အောင်၊ ထပ်ဆင့်အကယ်ဒမီ ရဲအောင်၊ အကယ်ဒမီနေအောင်၊ အကယ်ဒမီများရှင် စိုးမြတ်သူဇာ





နှင့် စည်သူလွင်၊ ဖိုးကာ၊ ဖြိုးကြီး၊ ဂျီလတ်၊ နောနော်၊ ဝေလ၊ လွှမ်းပိုင်၊ ရွှေထူး၊ G Fatt ၊ ဝန၊ ဇွဲထက်၊ Project K အဖွဲ့၊ မေခလာ၊ ကော်နီ၊ ထွန်းအိန္ဒြာဗိုလ်၊ ချောစုခင်၊ ဆုန်သင်းပါရ်၊ နန်းစုရတီစိုး၊ ရတနာမိုင်၊ Bobby Soxer ၊ ယွန်းမြတ်သူ၊ အယွန်းတို့က Mercury IX Music Band ၊ New Paper Music Band တို့နှင့် တွဲဖက်၍ ပြည်သူအကြိုက် တေးသီချင်းများဖြင့် ရက်အလိုက် ပါဝင်သီဆိုဖျော်ဖြေသွားကြမည်ဖြစ်ပြီး လာရောက်လည်ပတ်ကြမည့် ပြည်သူများအား ရွှေသံလွင်မိသားစုက စတုဒိသာ အကျွေးအမွေးများဖြင့်လည်း ဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် (၁၃၈၇ ခုနှစ်) သင်္ကြန်တွင် နိုင်ငံတစ်ဝန်း၌ လမ်းလျှောက်သင်္ကြန်ပွဲတော်များကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး အလှပြယာဉ်များ၊ ရေပက်ခံကားများဖြင့် ရေပက်ကစားခြင်း မပြုလုပ်ကြရန် စီမံထားရှိကြောင်း၊ ယိမ်းအကအဖွဲ့များ ကပြခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ လူကြီးသူမများအား ခေါင်းလျှော်၊ လက်သည်း ညှပ်ပေးခြင်း၊ ဆေးဝါးများ လှူဒါန်းခြင်း၊ ငါးလွှတ်ခြင်း စသည့်မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရမပျက် အလှူဒါန ပြုလုပ်ခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၁။ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ဖြစ်ပေါ်နိုင်သည့် အခြေအနေများနှင့် စပ်လျဉ်း၍ စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံမိုးလေဝသစောင့်ကြည့်လေ့လာရေးဗဟိုဌာန (ASEAN Specialized Meteorological Center – ASMC) မှ ထုတ်ပြန်ချက်များအရ–

(က) မြန်မာနိုင်ငံအပါအဝင် အာဆီယံမြောက်ပိုင်းဒေသဖြစ်သည့် မဲခေါင်ဒေသခွဲနိုင်ငံများတွင် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှစ၍ Fire Hotspot နှင့် မီးခိုးမြူငွေ့ ဖြစ်ပေါ်မှု သတိပေးချက်အဆင့် (၃) (Alert Level 3) အခြေအနေသို့ စတင်ရောက်ရှိပြီဖြစ်ပါကြောင်း၊


(ခ) မဲခေါင်ဒေသတွင် ခြောက်သွေ့ရာသီဥတု ဆက်လက်ဖြစ်ပေါ်နေပြီး Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု အခြေအနေသည် ပိုမိုများပြားလာနိုင်ပါကြောင်း၊

(ဂ) NOAA–20 ဂြိုဟ်တုမှ စောင့်ကြည့်လေ့လာမှုအရ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့များတွင် မဲခေါင်ဒေသအတွင်း Fire Hotspot ၂၈၀၆ ခု နှင့် ၃၁၃၉ ခု ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိပြီး မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့တွင် နေရာအနှံ့အပြား၌ တွေ့ရှိရပါကြောင်း၊

(ဃ) မဲခေါင်ဒေသခွဲတွင် အလယ်အလတ်မှ သိပ်သည်းသည့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုများကို လေ့လာတွေ့ရှိခဲ့ပါကြောင်း၊

(င) လာမည့်သီတင်းပတ်များအတွင်း မဲခေါင်ဒေသခွဲ၏ နေရာအများစုတွင် မိုးခေါင်သော အခြေအနေများ ဆက်လက်တည်ရှိမည်ဟု ခန့်မှန်းထားပြီး လေတိုက်ခတ်မှုများသည် အများအားဖြင့် တောင်ဘက် သို့မဟုတ် အနောက်တောင်ဘက်မှ တိုက်ခတ်မည်ဟု ခန့်မှန်းထားပါကြောင်း၊ Fire Hotspot များနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုလည်း ပိုမိုဆိုးရွားလာနိုင်ပြီး မဲခေါင်ဒေသအတွင်း နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဖြစ်ပေါ်မှုအန္တရာယ်မှာ ပိုမိုမြင့်တက်လာနိုင်ပါကြောင်း ခန့်မှန်းထားပါသည်။

၂။ မြန်မာနိုင်ငံသည် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု




ထိန်းချုပ်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution–AATHP) တွင် ၂၀၀၃ ခုနှစ်၌ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါသဘောတူညီချက်အရ ၂၀၃၀ ပြည့်နှစ်တွင် မီးခိုးမြူငွေ့ကင်းစင်သောအာဆီယံဖြစ်စေရေး မျှော်မှန်းချက်ဖြင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်ရေးလမ်းပြမြေပုံ (၂၀၂၃–၂၀၃၀) ကိုလည်းကောင်း၊ မဲခေါင်ဒေသခွဲနိုင်ငံများအတွက် Fire Hotspot ဖြစ်ပေါ်မှုလျှော့ချရမည့် အညွှန်းကိန်းများသတ်မှတ်၍ ၂၀၁၇ ချင်းရိုင်လုပ်ငန်းစီမံချက်ကိုလည်းကောင်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ၂၀၂၃ ခုနှစ် ဧပြီလ ၇ ရက်နေ့၌ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ခေါင်းဆောင်များအကြား ဆွေးနွေးခဲ့သည့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ (၃) နိုင်ငံ ညှိနှိုင်းဆွေးနွေးပွဲ၏ ရည်မှန်းချက်များနှင့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက် (Joint Plan of Action – CLEAR Sky Strategy) ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံတွင် Fire Hotspot ဖြစ်ပေါ်မှု လျှော့ချရေးနှင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် နိုင်ငံအဆင့်အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ မြန်မာ–ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ်တို့တွင် လုပ်ငန်းအဖွဲ့များကို အဆင့်အလိုက်ဖွဲ့စည်းပြီး မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ၂၀၂၅ ခုနှစ်မှစတင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများပါဝင်သည့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များကို ခရိုင်အဆင့် (၈၅) ဖွဲ့၊ မြို့နယ်အဆင့် (၂၂၀) ဖွဲ့ ဖွဲ့စည်းကာ Fire Hotspot များကို မြေပြင်တွင်ဖြစ်ပေါ်မှု ရှိ/မရှိ စစ်ဆေးပြီး မီးလောင်မှုဖြစ်ပေါ်သည့် နေရာများတွင် ဒေသခံပြည်သူများအား အသိပညာပေးခြင်း၊ Fire Hotspot အခြေအနေများအား စောင့်ကြည့်လေ့လာခြင်း၊ ဝန်းကျင်လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် Talk Show များကျင်းပခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၆။ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့၏ နယ်နိမိတ်တစ်လျှောက်တွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၇။ ပြည်သူများအနေဖြင့်လည်း စွန့်ပစ်အမှိုက်များကို မီးရှို့ခြင်း မပြုလုပ်ပဲ မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးကဏ္ဍတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မြန်မာ–ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

**နေပြည်တော်  မေ  ၄**

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် မျိုးဆက်သစ်ဝံသာနုပါတီ၊ မြန်မာနိုင်ငံဟုတ်ကြန့်တရုတ်မျိုးနွယ်အသင်းချုပ်၊ မြန်မာပြည်ဖွားတရုတ်ကုသိုလ်ဖြစ်အသင်း၊ မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာဝိန်းကျိုးကုန်သည်ကြီးများအသင်းချုပ် (Myanmar Wenzhou General Chamber of Commerce)၊ မြန်မာနိုင်ငံဆိုင်ရာ အန့်ဟွေးကုန်သည်ကြီးများအသင်း၊ ရန်ကုန်ယူနန်လူမှုကူညီရေးအသင်း၊ ကောင်းတုံကုန်သည်နှင့်လုပ်ငန်းရှင်များအသင်း၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်း၊ မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ် (MIIBF)၊ မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်း(AMJSEDC)၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးနှင့် အစိုးရအဖွဲ့သစ်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်သို့ ညင်သာအောင်မြင်စွာ ကူးပြောင်းနိုင်ပြီး ပြည်သူသာအမိ၊ ပြည်သူသာအဖ ဆိုသည့် မူဝါဒနှင့်အညီ ပြည်သူလူထုအမှန်တကယ် လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝ မြှင့်တင်ရေးနှင့် "ကမ္ဘာမှာ မြန်မာဟေ့" လို့ ရင်ပေါင်တန်းနိုင်ရန် အောင်မြင်စွာ ဖြတ်သန်းနိုင်ပြီး နာယကဂုဏ်(၆)ပါးနှင့်အညီ ကျင့်ကြံအုပ်ချုပ်နိုင်ပါမည်ဟု အပြည့်အဝ အားကိုးယုံကြည်ပါကြောင်း၊ နိုင်ငံတော်သမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း စသည်ဖြင့်ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ဂုဏ်ပြုသဝဏ်လွှာပေးပို့ခြင်း

**၂၀၂၆ ခုနှစ်၊ မေ ၄ ရက်**

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင်ကျင်းပသော တတိယအကြိမ်မြောက် ပြည်ထောင်စုလွှတ်တော်၌ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပါသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အတွက် မျိုးဆက်သစ်ဝံသာနုပါတီမှ ဝမ်းမြောက်လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

နိုင်ငံတော်သမ္မတကြီးနှင့် အစိုးရအဖွဲ့သစ်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်သို့ ညင်သာအောင်မြင်စွာ ကူးပြောင်းနိုင်ပြီး ပြည်သူသာအမိ၊ ပြည်သူသာအဖ ဆိုသည့် မူဝါဒနှင့်အညီ ပြည်သူလူထုအမှန်တကယ် လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် "ကမ္ဘာမှာ မြန်မာဟေ့" လို့ရင်ပေါင်တန်းနိုင်ရန် အောင်မြင်စွာဖြတ်သန်းနိုင်ပြီး နာယကဂုဏ်(၆)ပါးနှင့်အညီ ကျင့်ကြံအုပ်ချုပ်နိုင်ပါမည်ဟု အပြည့်အဝ အားကိုးယုံကြည်ပါသည်။

အစိုးရသစ်အနေဖြင့် တိုင်းပြည်ထာဝရငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့နှင့်အတူ တာဝန်ပေးအပ်ပါက သက်စွန့်ဆံဖျားပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် မျိုးဆက်သစ်ဝံသာနုပါတီမှ အသင့်စောင့်ဆိုင်းနေပါသည်။

နိုင်ငံတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့်ပြည်သူ့အကျိုး၊ ဘာသာသာသနာအကျိုးကို အောင်မြင်စွာသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မျိုးဆက်သစ်ဝံသာနုပါတီ**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**၂၀၂၆ ခုနှစ်၊ မေ ၄ ရက်**

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ် နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံပြည်ထောင်စုသမ္မတ...** 

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**၂၀၂၆ ခုနှစ်၊ မေ ၄ ရက်**

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာပြည်ဖွားတရုတ်ကုသိုလ်ဖြစ်အသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**၂၀၂၆ ခုနှစ်၊ မေ ၄ ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဦးဆောင်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်လာမည်ဟု အခိုင်အမာယုံကြည်ပါသည်။

**ရန်ကုန်ယူနန်လူမှုကူညီရေးအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**၂၀၂၆ ခုနှစ်၊ မေ ၄ ရက်**

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**ကောင်းတုံကုန်သည်နှင့်**
**လုပ်ငန်းရှင်များအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**၂၀၂၆ ခုနှစ်၊ မေ ၄ ရက်**

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

**မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**၂၀၂၆ ခုနှစ်၊ မေ ၄ ရက်**

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။ **မြန်မာနိုင်ငံဆေးကောင်စီ**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**၂၀၂၆ ခုနှစ်၊ မေ ၄ ရက်**

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သဖြင့် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်သမ္မတကြီးအနေဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်အကျိုးပြု ခေါင်းဆောင်မှုပေးနိုင်ပါစေရန် ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က တစ်ခဲနက် မဲပေးရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံ့တာဝန်များကို ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

◆ **ယာဉ်များဆေးကြောလျှင် ရေပိုက် မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၁၁)ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် **မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်း**အနေဖြင့် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ထက်မြက်သော ဦးဆောင်မှုဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏အကျိုးစီးပွားကိုလည်းကောင်း၊ တပ်မတော်၏ဂုဏ်ဒြပ်နှင့် ကာကွယ်ရေးစွမ်းပကားကိုလည်းကောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဖော်ဆောင်နိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်းနှင့် နိုင်ငံတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြည်ထောင်စုကြီး၏ အနာဂတ်သာယာဝပြောရေး တာဝန်အရပ်ရပ်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေကြောင်း လှိုက်လှဲစွာ ဆုမွန်ကောင်းတောင်းလျက် ဂါရဝပြုအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် "မြန်မာနိုင်ငံဆိုင်ရာ ဝိန်းကျိုးကုန်သည်ကြီးများအသင်းချုပ်" Myanmar Wenzhou General Chamber of Commerce က အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ဆတက်ထမ်းပိုးသယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာဝိန်းကျိုးကုန်သည်ကြီးများအသင်းချုပ်
Myanmar Wenzhou General Chamber of Commerce

## မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များ အသင်းချုပ် (MIIBF) ဂုဏ်ပြုသဝဏ်လွှာ

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့အစည်းအဝေး၌ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပါသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်မှ အထူးလေးစားဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ယင်းသို့ နိုင်ငံတော်သမ္မတတာဝန်ကို အပ်နှင်းခံရခြင်းသည် နိုင်ငံတော်၊ ပြည်သူလူထုနှင့် တပ်မတော်အကျိုး နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်အကျိုးပြု၍ ခေါင်းဆောင်မှုပေးနိုင်သည်ကို ထူးကဲထင်ရှားစွာ တွေ့မြင်နိုင်ပါသဖြင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ဆတက်ထမ်းပိုးတိုး၍ အောင်မြင်စွာ ဆက်လက်ထမ်းဆောင်နိုင်ပါစေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ
စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် "မြန်မာနိုင်ငံဆိုင်ရာအန့်ဟွေးကုန်သည်ကြီးများအသင်း" က အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ အန့်ဟွေးကုန်သည်ကြီးများအသင်း

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသော တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အစိုးရအဖွဲ့သည် နိုင်ငံသားပြည်သူများအကြား ပိုမိုချစ်ခင်စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထူးတလည် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ
အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့ကြသည့်အတွက် အထူးပင်ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာ-ဂျပန် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး
ပူးပေါင်းဆောင်ရွက်မှုအသင်း (AMJSEDC)

## အကောက်ခွန်ဦးစီးဌာနက မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း လုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာချက်

➢ အကောက်ခွန်ဦးစီးဌာနသည် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အကောက်ခွန်လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။

➢ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် အပြည်ပြည်ဆိုင်ရာလေကြောင်းများမှတစ်ဆင့် တင်သွင်း/တင်ပို့မည့်ကုန်ပစ္စည်းများအား မဟာသင်္ကြန်ရုံးပိတ်ရက်ဖြစ်သော (၁၁-၄-၂၀၂၆)၊ (၁၃-၄-၂၀၂၆)၊ (၁၄-၄-၂၀၂၆) နှင့် (၁၅-၄-၂၀၂၆) ရက်နေ့တို့တွင် ရုံးချိန်ပြည့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

➢ ထို့ပြင် နိုင်ငံတော်လိုအပ်ချက်အရ အရေးတကြီးတင်သွင်းလာသောပစ္စည်းများ ထုတ်ယူနိုင်ရေးအတွက် ကြိုတင်လျှောက်ထားပါက တင်သွင်း/တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

➢ အချိန်ပို (Overtime) ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် တင်သွင်း/တင်ပို့လိုသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်နှင့်ပတ်သက်သော Deposit ငွေလုံလောက်စွာ ထားရှိသွားရန်နှင့် အချိန်ပိုလုပ်ငန်းဆောင်ရွက်လိုမှုအား (၁၀-၄-၂၀၂၆) ရက်နေ့ (၁၄:၀၀) အချိန်ထက် နောက်မကျဘဲ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည် ဖြစ်ပါသည်။

➢ Asia World ဆိပ်ကမ်းတွင် အကောက်ခွန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနှစ်ဆန်း (၁) ရက်နေ့မှအပ ကျန်ရုံးပိတ်ရက်များတွင် ပို့ကုန် ကုန်သေတ္တာများ စစ်ဆေးတင်ပို့မှုအား အချိန်ပို (Overtime) ဆောင်ရွက်ပေးရန် လျှောက်ထားလာပါက အဆိုင်း (၃) ဆိုင်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

➢ လက်ရှိလုပ်ငန်းဆောင်ရွက်လျက်ရှိသော နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးတို့တွင် သင်္ကြန်ကာလအတွင်း ပိတ်ရက်မရှိ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

➢ ကုန်ပစ္စည်းများတင်သွင်း/တင်ပို့ရာတွင် အခက်အခဲများရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူး (ထုတ်/သွင်း) | - ၀၉-၂၅၀၂၅၄၂၀၈ |
| ( ခ ) | ညွှန်ကြားရေးမှူး (ကာကွယ်ရေး) | - ၀၉-၅၀၆၆၅၆၉ |
| ( ဂ ) | ဒုတိယညွှန်ကြားရေးမှူး (ထုတ်ကုန်) | - ၀၉-၇၈၅၀၅၅၄၅၆ |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူး (သွင်းကုန်) | - ၀၉-၇၈၅၄၁၄၄၃၃ |
| ( င ) | ဒုတိယညွှန်ကြားရေးမှူး (ကာကွယ်ရေး) | - ၀၉-၄၄၅၁၇၉၆၉၈ |
| ( စ ) | ဒုတိယညွှန်ကြားရေးမှူး (လေဆိပ်) | - ၀၉-၅၄၀၈၉၅၇ |

အကောက်ခွန်ဦးစီးဌာန

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# သဘာဝမြေသြဇာသုံးစွဲခြင်းမှသည် စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးသို့ . . .

**ယနေ့ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးကဏ္ဍက စိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင်နေရသည်။ လူဦးရေတိုးပွားလာမှုကြောင့် စားရေရိက္ခာလိုအပ်ချက်များ မြင့်တက်လာသကဲ့သို့ ရာသီဥတုပြောင်းလဲမှု၊ မြေဆီလွှာအရည်အသွေးကျဆင်းမှုနှင့် ထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်တက်မှုတို့က စိုက်ပျိုးရေးလုပ်ငန်းများကို ပိုမိုခက်ခဲစေသည်။ မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးအခြေခံသည့် နိုင်ငံအတွက် ယင်းပြဿနာများက တိုက်ရိုက်သက်ရောက်မှုရှိပြီး တောင်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးကိုပါ သက်ရောက်စေသည်။**

သျှင်မေ

လက်ရှိအခြေအနေများအရ လောင်စာဆီဈေးနှုန်းများ တိုးတက်လာမှုနှင့်အတူ ဓာတ်မြေသြဇာဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် စိုက်ပျိုးရေးကုန်ကျစရိတ်များလည်း မြင့်တက်လာခဲ့သည်ကို တွေ့မြင်ရသည်။ ယင်းအခြေအနေတွင် သဘာဝမြေသြဇာကို ပိုမိုအသုံးပြုခြင်းဖြင့် လက်တွေ့ကျပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးကဏ္ဍ မြင့်မားမှုကို မြော်တွေးကြံဆကြရမည်ဖြစ်သည်။

**“သဘာဝမြေသြဇာသည် မြေဆီအတွင်းရှိ အော်ဂဲနစ်ပစ္စည်းပမာဏကို တိုးမြှင့်ပေးပြီး မြေဆီ၏ ဖွဲ့စည်းပုံကို ကောင်းမွန်စေသည်။ ဤအရာသည် အပင်မြစ်များ ပိုမိုကောင်းမွန်စွာကြီးထွားနိုင်ရန် အထောက်အကူဖြစ်စေပြီး သီးနှံထုတ်လုပ်မှုကို ရေရှည်တိုးတက်စေသည်။ သဘာဝမြေသြဇာအသုံးပြုခြင်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လည်း တိုက်ရိုက်ဆက်နွှယ်သည်။ ဓာတ်မြေသြဇာများကြောင့် ဖြစ်ပေါ်နိုင်သည့် မြေညစ်ညမ်းမှု၊ ရေညစ်ညမ်းမှုများကို လျှော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်”**

### သဘာဝမြေသြဇာဆိုသည်မှာ

သဘာဝမြေသြဇာသည် သီးနှံထုတ်လုပ်မှုကို သာမက မြေဆီလွှာ၏ သက်တမ်းနှင့် အရည်အသွေးကိုပါ ထိန်းသိမ်းပေးနိုင်သည်။ ဓာတ်မြေသြဇာများက အချိန်တိုအတွင်း ထုတ်လုပ်မှုတိုးတက်စေနိုင်သော်လည်း မြေဆီလွှာ၏ သဘာဝဇီဝစနစ်ကို ပျက်စီးစေနိုင်ပြီး နောက်ပိုင်းတွင် ထပ်တလဲလဲ အသုံးပြုရမည့် အခြေအနေကို ဖြစ်ပေါ်စေတတ်သည်။

ထို့ပြင် သဘာဝမြေသြဇာသည် မြေဆီအတွင်းရှိ အော်ဂဲနစ်ပစ္စည်းပမာဏကို တိုးမြှင့်ပေးပြီး မြေဆီ၏ ဖွဲ့စည်းပုံကို ကောင်းမွန်စေသည်။ ဤအရာသည် အပင်မြစ်များ ပိုမိုကောင်းမွန်စွာကြီးထွားနိုင်ရန် အထောက်အကူဖြစ်စေပြီး သီးနှံထုတ်လုပ်မှုကို ရေရှည်တိုးတက်စေသည်။ သဘာဝမြေသြဇာအသုံးပြုခြင်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လည်း တိုက်ရိုက်ဆက်နွှယ်သည်။ ဓာတ်မြေသြဇာများကြောင့် ဖြစ်ပေါ်နိုင်သည့် မြေညစ်ညမ်းမှု၊ ရေညစ်ညမ်းမှုများကို လျှော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်သည်။

သဘာဝမြေသြဇာတွင် နိုက်ထရိုဂျင်၊ ဖော့စဖောရပ်နှင့် ပိုတက်စီယမ်ဓာတ်များအပြင် အပင်အတွက် လိုအပ်သည့် အာဟာရဓာတ်များ စုပ်ယူနိုင်စွမ်း မြင့်တက်စေသည့် သက်ရှိဇီဝဗက်တီးရီးယားများ၏ စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးသည်။ မြေဆီလွှာဖွဲ့စည်းပုံစနစ်တွင် လေဝင်လေထွက်ကောင်းစေပြီး မြေဆီလွှာဖွဲ့စည်းပုံကို အားကောင်းစေသဖြင့် မြေဆီလွှာအတွင်း ရေထိန်းထားနိုင်ပြီး အမြစ်ဆင်းရာတွင် အထောက်အကူပြုနိုင်ပါသည်။ တစ်ဆက်တည်းမှာပင် သဘာဝမြေသြဇာမှ ထွက်ရှိသည့် အမိုးနီးယားနှင့် အဏုဇီဝပိုးများကြောင့် ဖျက်ပိုးအချို့ မလာရောက်အောင် ကာကွယ်ပေးနိုင်သည်။

သဘာဝမြေသြဇာက ကာဗွန်သိုလှောင်မှု (carbon sequestration)ကိုလည်း တိုးတက်စေပြီး လေထုအတွင်းရှိကာဗွန်ဒိုင်အောက်ဆိုက်ပမာဏကို လျှော့ချရာတွင် အထောက်အကူဖြစ်စေသည်ဟု အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးလေ့လာမှုများတွင် ဖော်ပြထားသည်။ ယင်းသည် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရာတွင် စိုက်ပျိုးရေးကဏ္ဍမှတစ်ဆင့် အကျိုးပြုမှုပင်ဖြစ်သည်။

သဘာဝမြေသြဇာ၏ အကျိုးကျေးဇူးများကို သီးသန့်ခွဲခြမ်းကြည့်မည်ဆိုပါက ကောင်းကျိုးတစ်ခုမှာ မြေဆီလွှာအရည်အသွေးတိုးတက်မှုဖြစ်သည်။ သဘာဝမြေသြဇာသည် မြေဆီကို ပိုမိုပျော့ပါးစေပြီး လေဝင်လေထွက်ကောင်းစေသည်။ ထို့ကြောင့် အပင်မြစ်များ ပိုမိုနက်ရှိုင်းစွာ ဆင်းသွားနိုင်ပြီး အာဟာရများကို ပိုမိုထိရောက်စွာ စုပ်ယူနိုင်သည်။

ဒုတိယကောင်းကျိုးမှာ ရေထိန်းနိုင်စွမ်း တိုးတက်မှုဖြစ်သည်။ သဘာဝမြေသြဇာတွင် ပါဝင်သော အော်ဂဲနစ်ပစ္စည်းများသည် ရေကို သိုလှောင်နိုင်သဖြင့် ရေရှားပါးမှုကို ခံနိုင်ရည်မြင့်စေသည်။ အချို့သုတေသနများအရ အော်ဂဲနစ်ပစ္စည်း တစ်ရာခိုင်နှုန်းတိုးလာပါက မြေဆီ၏ ရေထိန်းနိုင်မှုသည် ထင်ရှားစွာ တိုးတက်လာနိုင်ကြောင်း တွေ့ရှိရသည်။

တတိယကောင်းကျိုးမှာ အာဟာရဓာတ်ဖြန့်ဝေမှု ညီမျှခြင်းဖြစ်သည်။ သဘာဝမြေသြဇာသည် အာဟာရဓာတ်များကို တဖြည်းဖြည်း ဖြန့်ဝေသဖြင့် သီးနှံများအတွက် အချိန်ကြာရှည်အသုံးဝင်သည်။ ထို့ပြင် အခြားကောင်းကျိုးမှာ စိုက်ပျိုးရေးကုန်ကျစရိတ် လျှော့ချနိုင်မှုဖြစ်သည်။ အထူးသဖြင့် အိမ်တွင်းနှင့် လယ်ယာအတွင်းရှိ အရင်းအမြစ်များကို အသုံးပြုနိုင်ခြင်းကြောင့် တောင်သူများ၏ ပြင်ပမှ ဝယ်ယူရမည့် စရိတ်များကို လျှော့ချပေးနိုင်မည်ဖြစ်သည်။

### လက်တွေ့အသုံးချမှုများနှင့် နည်းပညာပေါင်းစပ်အသုံးပြုမှု

တိရစ္ဆာန်များက စွန့်ပစ်သည့် မစင်၊ အညစ်အကြေး၊ အမှုန့်နှင့် အခြားသစ်ရွက်ခြောက်များတွင် နိုက်ထရိုဂျင်၊ ဖော့စဖောရပ်နှင့် ပိုတက်စီယမ်တို့ အများအပြားပါဝင်လျက်ရှိပြီး ယင်းတို့သည် စိုက်ပျိုးရေးအတွက် မြေဆီလွှာကောင်းမွန်စေသကဲ့သို့ အထွက်နှုန်းကိုလည်း တိုးတက်စေသည်။ သဘာဝမြေသြဇာကို အသုံးပြုရာတွင် စနစ်တကျ လုပ်ဆောင်ခြင်းသည် အရေးကြီးသည်။ ကာဗွန်နှင့် နိုက်ထရိုဂျင်အချိုး(C:N ratio)ကို သင့်တော်စွာ ထိန်းထားရမည်ဖြစ်ပြီး အများအားဖြင့် 25:1 မှ 30:1 အချိုးသည် သင့်တော်ကြောင်း စိုက်ပျိုးရေးပညာရှင်များက အကြံပြုထားကြသည်။

ထို့ပြင် အပူချိန်ကို ၅၅ ဒီဂရီဆဲလ်စီးယပ်စ်ဝန်းကျင်ထိ ရောက်ရှိစေရန် ထိန်းချုပ်နိုင်ပါက ပိုးမွှားများနှင့် ရောဂါဖြစ်စေသော ဗက်တီးရီးယားများကို ဖယ်ရှားနိုင်သည်။ ထိုကဲ့သို့ စနစ်တကျပြုလုပ်ထားသည့် သဘာဝမြေသြဇာမှာ အရည်အသွေးမြင့် မြေသြဇာအဖြစ် အသုံးဝင်သည်။ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာကို ပေါင်းစပ်အသုံးပြုခြင်း (Integrated Nutrient Management) သည်လည်း အထူးအသုံးဝင်သည်။ ယင်းနည်းလမ်းသည် ထုတ်လုပ်မှုကို ထိန်းသိမ်းထားစေပြီး မြေဆီအရည်အသွေးကို မပျက်စီးစေဘဲ တည်တံ့စေသည်။ ဆိုရလျှင် ထိုနည်းလမ်းများနှင့်အတူ စိုက်ပျိုးရေးတွင် နေရောင်ခြည် စွမ်းအင်အသုံးပြုမှု၊ ရေထိန်းစနစ်များနှင့် ပေါင်းစပ်လုပ်ဆောင်ခြင်းသည် အရင်းအမြစ်အသုံးချမှုကို ပိုမိုထိရောက်စေမည်ဖြစ်ပါသည်။

သို့သော် သဘာဝမြေသြဇာကို စနစ်တကျ ကိုင်တွယ်နိုင်ခြင်းအားနည်းပါက ပတ်ဝန်းကျင်ကို အနံ့အသက်ဆိုးများဖြစ်စေခြင်း၊ သယ်ယူသိုလှောင်စရိတ်မြင့်မားခြင်း၊ အမိုးနီးယားဓာတ်ငွေ့ ထုတ်လွှတ်ခြင်းကြောင့် လေထုကိုညစ်ညမ်းစေသကဲ့သို့ ရေနှင့်ထိတွေ့ပါက အနံ့ဆိုးများ ထွက်စေခြင်း၊ အခြားဓာတ်ငွေ့များဖြင့် ဓာတ်ပြုပါက အဆိပ်အတောက်ဖြစ်ခြင်းစသည့် အခက်အခဲများကိုလည်း စနစ်တကျ ထုတ်လုပ်၊ သိုလှောင်၊ အသုံးပြုခြင်းများဖြင့် ဖြေရှင်းဆောင်ရွက်မည်ဆိုပါက သဘာဝမြေသြဇာကို ကောင်းစွာအသုံးပြုနိုင်မည်ဟု စိုက်ပျိုးရေးပညာရှင်များက ဆိုကြသည်။

### မြန်မာနိုင်ငံအတွက် လက်တွေ့ကျသော လမ်းကြောင်း

မြန်မာနိုင်ငံတွင် သဘာဝမြေသြဇာအသုံးပြုမှု တိုးမြှင့်ရန် အခွင့်အလမ်းများ များစွာရှိသည်။ လယ်ယာအပင်အကျန်များ၊ တိရစ္ဆာန်အညစ်အကြေးများနှင့် သဘာဝပစ္စည်းများကို စနစ်တကျ စုစည်းအသုံးပြုနိုင်ပါက ဓာတ်မြေသြဇာအပေါ် မှီခိုမှုကို သိသိသာသာ လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ပြင် တောင်သူများအတွက် သင်တန်းများ၊ လက်တွေ့ပြသမှုများ ပြုလုပ်ပေးခြင်းသည်လည်း အရေးကြီးသည်။ နည်းပညာအသုံးချမှုကို မြှင့်တင်ရန် စိုက်ပျိုးရေးဆိုင်ရာ သုတေသနအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။

### နိုင်ငံတကာအတွေ့အကြုံများနှင့် သင်ခန်းစာများ

နိုင်ငံတကာတွင် Organic Agriculture ကို တိုးမြှင့်အသုံးပြုလာကြပြီး စိုက်ပျိုးရေးစနစ်များကို ပိုမိုတည်တံ့စေရန် ကြိုးပမ်းနေကြသည်။ အိန္ဒိယနိုင်ငံတွင် Sikkim ပြည်နယ်သည် ၁၀၀ ရာခိုင်နှုန်း Organic Farming ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး ကမ္ဘာ့အဆင့်တွင် ဥပမာတစ်ခုအဖြစ် သတ်မှတ်ခံထားရသည်။

ဥရောပသမဂ္ဂတွင်လည်း Organic Farming ကို ၂၀၃၀ ပြည့်နှစ်တွင် လယ်ယာမြေ ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန် ရည်မှန်းထားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဦးစားပေးဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း မူဝါဒ၊ နည်းပညာနှင့် တောင်သူပညာရေးကို ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း သိမြင်နိုင်သည်။

ယနေ့စိုက်ပျိုးရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်လျှော့ချခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် စားရေရိက္ခာလုံလောက်ရေးတို့ကို အောင်မြင်စေရန် သဘာဝမြေသြဇာအသုံးပြုမှု တိုးမြှင့်ရေးသည် မဖြစ်မနေ လိုအပ်လာပြီဖြစ်သည်။

သဘာဝမြေသြဇာသည် တောင်သူများအတွက် သာမက တစ်နိုင်ငံလုံးအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သော အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၊ တောင်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ပါက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် ပိုမိုတိုးတက်လာမည်မှာ မလွဲမသွေဖြစ်သည်။

အနာဂတ်တွင် သဘာဝမြေသြဇာကို အခြေခံသည့် စိုက်ပျိုးရေးစနစ်များ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး ယင်းသည် စားရေရိက္ခာလုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တစ်ပြိုင်နက်တည်း အောင်မြင်စေမည့် လမ်းကြောင်းတစ်ခုဖြစ်လာမည်ဟု ယုံကြည်မိပါတော့သည်။ ။

**❖ သဘာဝမြေသြဇာသည် တောင်သူများအတွက်သာမက တစ်နိုင်ငံလုံးအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သော အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၊ တောင်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ပါက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် ပိုမိုတိုးတက်လာမည်မှာ မလွဲမသွေဖြစ်**

**❖ အနာဂတ်တွင် သဘာဝမြေသြဇာကို အခြေခံသည့် စိုက်ပျိုးရေးစနစ်များ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး ယင်းသည် စားရေရိက္ခာလုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တစ်ပြိုင်နက်တည်း အောင်မြင်စေမည့် လမ်းကြောင်းတစ်ခုဖြစ်လာမည်**

❑ *ကျောဖုံးမှ*

ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများနှင့်အတူ လုံခြုံရေးပူးပေါင်းအဖွဲ့များက အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်သူများ ဝင်ရောက်အခြေပြုနေထိုင်ခြင်း မရှိစေရန်အတွက် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းနှင့်ရှာဖွေဖော်ထုတ်ခြင်းများကို လုပ်ဆောင်စဉ် အဆိုပါမြို့၏ အရှေ့မြောက်ဘက် မီတာ ၂၅၀၀၀ ခန့်အကွာ ကောင်းဆန်ကျေးရွာ အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ကိုင်သူများ နေထိုင်အသုံးပြုလျက်ရှိသည့် အိပ်ဆောင်သုံးလုံး၊ အလုပ်ရုံ နှစ်လုံး၊ စားသောက်ခန်း တစ်လုံး၊ မီးဖိုချောင် နှစ်လုံးနှင့် ဆောက်လုပ်ဆဲ အဆောက်အအုံ ၁၅ လုံးတို့ကို ရှာဖွေဖော်ထုတ်တွေ့ရှိခဲ့ပြီး ၎င်းအဆောက်အအုံများအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် တရုတ်နိုင်ငံသား အမျိုးသား ၁၀၀၊ အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၂၁ ဦးတို့အား All in One ကွန်ပျူတာ နှစ်လုံး၊ Desktop ကွန်ပျူတာ တစ်စုံ၊ Laptop ၂၁ လုံး၊ ဖုန်းမျိုးစုံ ၁၁၈ လုံး၊ Starlink ၁၆ ခု၊ Wireless Router ၁၃ လုံး၊ မီးစက် နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက် မန်ဝိန်းနယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ကိုင်သူများ ရောက်ရှိနေကြောင်း သတင်းအရ ယနေ့ညနေပိုင်းတွင် သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ မန်ဝိန်းနယ်မြေအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ကိုင်သူ တရုတ်နိုင်ငံသား အမျိုးသား ခုနစ်ဦးအား ဖုန်းမျိုးစုံ ၃၆ လုံး၊ ကွန်ပျူတာ ၂၃ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိ ဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်း လိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် နေအိမ်ကို တွေ့ရစဉ်။



မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။



တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် ဖုန်းမျိုးစုံ ၁၁၈ လုံး သိမ်းဆည်းရမိစဉ်။



တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် Wireless Router ၁၃ လုံး သိမ်းဆည်းရမိစဉ်။



တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် All in one ကွန်ပျူတာနှစ်လုံး၊ Desktop တစ်စုံ၊ Laptop ၂၁ လုံး သိမ်းဆည်းရမိစဉ်။



တန့်ယန်းမြို့နယ် အတွင်း အွန်လိုင်း လိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် starlink ၁၆ ခုကို သိမ်းဆည်းရမိစဉ်။



တန့်ယန်းမြို့နယ် အတွင်း အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအိပ်ဆောင်ကို တွေ့ရစဉ်။



တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် အလုပ်ရုံကို တွေ့ရစဉ်။



တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် မီးစက်နှစ်လုံး တွေ့မြင်ရစဉ်။

# မဟာသင်္ကြန်ပွဲတော်မှသည် ငြိမ်းချမ်းသာယာသော နှစ်သစ်ဆီသို့ မျှော်ရည်ခြင်း

လွန်းပိုးအိမ်

မြန်မာတို့၏ တစ်နှစ်တာကာလအတွင်း အထွတ်အမြတ်အထားဆုံးနှင့် အနှစ်သက်ဆုံးသော ပွဲတော်ကိုပြပါဆိုလျှင် တန်ခူးလ၏ သင်္ကြန်ပွဲတော်သည် ပြည်သူတို့၏ နှလုံးသားဝယ် ထာဝရကိန်းအောင်းနေသည့် ပွဲတော်တစ်ခုဖြစ်ပါသည်။ အတာရေစင်ဖြင့် အညစ်အကြေးတို့ကို ဆေးကြောသန့်စင်ကာ နှစ်ဟောင်းမှ အညစ်အကြေးများကိုပယ်၍ နှစ်သစ်ကို တည်ဆောက်ကြသည့် ဤအချိန်အခါသမယသည် မြန်မာ့ယဉ်ကျေးမှု၏အနှစ်သာရကို ဖော်ကျူးနေရုံသာမက နိုင်ငံတော်နှင့် ပြည်သူတို့၏ ငြိမ်းချမ်းသာယာရေးမျှော်မှန်းချက်များကိုလည်း တစ်ပါတည်း သယ်ဆောင်လာခြင်းဖြစ်ပါသည်။



**တန်ခူးလ၏ သဘာဝအလှနှင့် သင်္ကြန်အကြိုကာလ**

နွေဦးကဗျာကို ရေးထိုးသည့် ပိတောက်ရွှေဝါတို့နှင့်အတူ သင်္ကြန်၏အငွေ့အသက်များ စတင်လာပြီဖြစ်ပါသည်။ ပူပြင်းသောနေရှိန်အောက်တွင် လန်းဆန်းစိုပြည်သည့် သဘာဝအလှတရားတို့က ပြည်သူတို့၏စိတ်နှလုံးကို ပွဲတော်ဆီသို့ခေါ်ဆောင်သွားပြီး နှစ်ဟောင်းကုန်ဆုံးတော့မည့် နိမိတ်ပုံများကို ဖော်ဆောင်နေပါသည်။

**အတာရေစင်နှင့် စိတ်ဓာတ်ခွန်အား သန့်စင်ခြင်း**

ပူပြင်းသော နွေအပူကို အေးမြစေသည့် ရေစင်ဖြင့် စိတ်ပိုင်းဆိုင်ရာ အညစ်အကြေးများကို ဆေးကြောသန့်စင်ကြပါသည်။ ထိုရေစင်သည် ကိုယ်ခန္ဓာကိုသာမက စိတ်အတွင်းသန္တာန်ရှိ အာဃာတနှင့် ဒေါသတရားတို့ကို ငြိမ်းအေးစေကာ နှစ်သစ်အတွက် စိတ်ဓာတ်ခွန်အားအသစ်များကို ပေးစွမ်းနိုင်ပါသည်။

**မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းခြင်း**

ခေတ်အဆက်ဆက် လက်ဆင့်ကမ်းလာသည့် မဟာသင်္ကြန်၏ ခိုင်မာသောယဉ်ကျေးမှုအမြုတေကို ထိန်းသိမ်းရပါမည်။ ရိုးရာမပျက် ဝတ်စားဆင်ယင်မှု၊ စကားပြောဆိုမှုနှင့် ပြုမူနေထိုင်မှုတို့သည် မြန်မာ့ဂုဏ်ကို ကမ္ဘာ့အလယ်တွင် ဝင့်ထည်စေသော အမွေအနှစ်များဖြစ်ပါသည်။

**စည်းလုံးညီညွတ်ခြင်း၏ပြယုဂ် သင်္ကြန်ပွဲတော်**

လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ မခွဲခြားဘဲ တစ်ဦးပေါ်တစ်ဦး မေတ္တာဖြင့် ရေပက်ဖျန်းကြခြင်းသည် အမျိုးသားစည်းလုံးညီညွတ်မှုကို ခိုင်မာစေပါသည်။ ဤစည်းလုံးမှုအင်အားသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံအကျဆုံးသော ရိက္ခာတစ်ရပ်ပင်ဖြစ်ပါသည်။

**ဘုရားကျောင်းကန်နှင့်ကုသိုလ်ပွားရာအတာကာလ**

ပျော်ပွဲရွှင်ပွဲများအပြင် ဘာသာရေးအသိဖြင့် ကောင်းမှုကုသိုလ်ပြုကြသည့် မြတ်နိုးဖွယ်ဓလေ့သည် မြန်မာတို့၏ ဝိညာဉ်ပင်ဖြစ်ပါသည်။ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ နာကြားခြင်းဖြင့် နှစ်ဟောင်းကို ကုသိုလ်ဖြင့် နှုတ်ဆက်ကြပါသည်။

**သက်ကြီးပူဇော်ပွဲနှင့် ကတညုတတရားပွားများခြင်း**

လူကြီးမိဘများကို ခေါင်းဆေးမင်္ဂလာပြုပေးခြင်းနှင့် ကန်တော့ခြင်းတို့ဖြင့် ရိုသေလေးစားမှုကို ဖော်ကျူးကြပါသည်။ ဤကတညုတတရားသည် လူမှုအဖွဲ့အစည်းကို ပိုမိုခိုင်မာစေပြီး မိသားစုတန်ဖိုးကိုမြှင့်တင်ပေးသည့် ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါသည်။

**ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် မေတ္တာကမ္ဘာ**

သတ္တဝါတို့၏အသက်ကို ဘေးမဲ့ပေးခြင်းဖြင့် ငြိမ်းချမ်းခြင်း၏အစပျိုးမှုကို ဖော်ဆောင်ကြပါသည်။ သတ္တဝါအားလုံး အေးချမ်းပါစေဟူသော မေတ္တာစိတ်သည် ကမ္ဘာလောကကြီးကို ပိုမိုလှပစေပြီး ငြိမ်းချမ်းရေး၏ အခြေခံအုတ်မြစ်လည်းဖြစ်ပါသည်။

**သင်္ကြန်မုန့်လုံးရေပေါ်နှင့် ဝေမျှခြင်းအနုပညာ**

စုပေါင်းလုပ်ဆောင်မှုနှင့် စေတနာရှေ့ထားသည့် စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းယဉ်ကျေးမှုသည် မြန်မာတို့၏ရက်ရောမှုကို ပြသနေပါသည်။ မုန့်လုံးရေပေါ်ပြုလုပ်ရာတွင် ပါဝင်သည့် စုပေါင်းအင်အားသည် အောင်မြင်မှု၏ လျှို့ဝှက်ချက်ပင် ဖြစ်ပါသည်။

**နန်းတွင်းသင်္ကြန်မှသည် ပြည်သူ့သင်္ကြန်သို့**

သမိုင်းကြောင်းအစဉ်အလာ ကြီးမားခဲ့သည့် မြန်မာ့သင်္ကြန်၏ ဖြစ်တည်မှုအဆင့်ဆင့်ကို ပြန်လည်လေ့လာခြင်းဖြင့် အမျိုးသားရေး ဂုဏ်သိက္ခာကို ခံစားသိရှိနိုင်ပါသည်။ ခေတ်အဆက်ဆက် မရိုးနိုင်သော အတာရေသဘင်သည် ပြည်သူတို့၏ အသည်းစွဲဖြစ်လာခဲ့ပါသည်။

**နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပွဲတော်၏ကဏ္ဍ**

ပြည်သူများ အေးချမ်းစွာပျော်ရွှင်နိုင်ခြင်းသည် နိုင်ငံတော်တည်ငြိမ်မှု၏ ပြယုဂ်ဖြစ်သကဲ့သို့ ပွဲတော်ကာလ တည်ငြိမ်အေးချမ်းမှုသည်လည်း နိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်ပါသည်။ အေးချမ်းသော သင်္ကြန်သည် အေးချမ်းသောအနာဂတ်၏ အစပျိုးခြင်းဖြစ်ပါသည်။

**ယဉ်ကျေးသိမ်မွေ့သော ပျော်ရွှင်မှု အလေ့အထကို ပျိုးထောင်ခြင်း**

အစဉ်အလာမပျက် ယဉ်ကျေးစွာ ကစားကြခြင်းဖြင့် မြန်မာ့ဂုဏ်ကို မြှင့်တင်ကြရပါမည်။ ကြမ်းတမ်းသောအပြုအမူများကို ရှောင်ကြဉ်ပြီး မွန်မြတ်သော အတာရေဖြင့် တစ်ဦးကိုတစ်ဦး ချစ်ခင်စွာ ဖျန်းပက်ကြရမည်ဖြစ်ပါသည်။

**စီးပွားရေးကဏ္ဍနှင့် MSMEs များအပေါ် သင်္ကြန်၏ သက်ရောက်မှု**

ဒေသထွက်ကုန်များနှင့် လက်မှုအနုပညာများ ပွဲတော်ကာလအတွင်း အရှိန်အဟုန်ရရှိလာခြင်းသည် ပြည်တွင်းစီးပွားရေးအတွက် အထောက်အကူပြုပြီး အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ဈေးကွက်သစ်များ ဖော်ဆောင်ပေးသည့် ကာလလည်း ဖြစ်ပါသည်။

**ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသန္တရအလှများ**

သင်္ကြန်ခရီးသွားလာမှုမှတစ်ဆင့် ပြည်တွင်းခရီးသွားလုပ်ငန်းကိုမြှင့်တင်နိုင်ပြီး ဒေသအသီးသီး၏ ယဉ်ကျေးမှုနှင့် သဘာဝအလှများကို လေ့လာခွင့်ရရှိစေနိုင်ပါသည်။ ဤသည်မှာ နိုင်ငံတော်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းပင်ဖြစ်ပါသည်။

**အနာဂတ်မျိုးဆက်သစ်တို့၏ ယဉ်ကျေးမှုတာဝန်**

အနာဂတ်မျိုးဆက်သစ်တို့က မိမိတို့၏ရိုးရာကို တန်ဖိုးထားထိန်းသိမ်းရမည့် အသိစိတ်ရှိရပါမည်။ နောင်လာနောက်သားများထံသို့ မှန်ကန်သော ယဉ်ကျေးမှုအမွေအနှစ်များကို လွှဲပြောင်းပေးအပ်ရန်မှာ ယနေ့လူငယ်များ၏ တာဝန်ပင်ဖြစ်ပါသည်။

**နိုင်ငံတကာသို့ ပျံ့နှံ့သွားသည့် မြန်မာ့ရေသဘင်**

ကမ္ဘာက အသိအမှတ်ပြုရသည့် မြန်မာ့အလှနှင့် အတာရေသဘင်၏ ထူးခြားချက်များသည် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်လျက်ရှိပါသည်။ ရိုးရာပွဲတော်သည် ကမ္ဘာ့ယဉ်ကျေးမှုမြေပုံပေါ်တွင် ထင်ရှားသောနေရာတစ်ခု ရရှိထားပြီးဖြစ်ပါသည်။

**အဟောင်းကို စွန့်ပယ်၍ အသစ်ကို ကြိုဆိုခြင်း**

အတိတ်မှအမှားများကို သင်ခန်းစာယူကာ ပိုမိုကောင်းမွန်သော နမူနာသစ်များ ဖော်ဆောင်ကြရပါမည်။ နှစ်ဟောင်းမှ မကောင်းသော အလေ့အထများကို အတာရေဖြင့် ဆေးကြောပြီး နှစ်သစ်တွင် သစ်လွင်သော စိတ်ကူးများဖြင့် စတင်ကြရမည်ဖြစ်ပါသည်။

**နှစ်သစ်ကူးအဓိဋ္ဌာန်နှင့် အမျိုးသားရေး ရည်မှန်းချက်**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဦးချင်းစီမှ အားသစ်လောင်း အဓိဋ္ဌာန်ပြုကြရမည်ဖြစ်ပါမည်။ ကိုယ်စီတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်များသို့ အတူတကွ ချီတက်ကြရမည်ဖြစ်ပါသည်။

**ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ ဦးတည်ခြင်း**

သင်္ကြန်မိုးနှင့်အတူ တစ်နိုင်ငံလုံး အေးချမ်းသာယာစေမည့် ငြိမ်းချမ်းရေးမျှော်လင့်ချက်များ ထွက်ပေါ်လာမည်ဖြစ်ပါသည်။ စစ်မှန်သော ငြိမ်းချမ်းရေးသည် အားလုံး၏ဆန္ဒဖြစ်ပြီး နှစ်သစ်တွင် ထိုဆန္ဒများ ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**စည်းကမ်းပြည့်ဝသော နှစ်သစ်ကူးအထိမ်းအမှတ်**

စည်းစနစ်ကျနမှုဖြင့် နိုင်ငံတော်အဆင့် ဂုဏ်သိက္ခာကိုဖော်ဆောင်သည့် ပွဲတော်ဖြစ်စေရန် အားလုံးတွင် တာဝန်ရှိပါသည်။ စည်းကမ်းရှိသော ပျော်ရွှင်မှုသည် ဘေးအန္တရာယ်ကင်းဝေးစေပြီး မြင်ရသူအပေါင်းကို ကြည်နူးစေပါသည်။

**ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြင့် နှစ်သစ်ကိုအလှဆင်ခြင်း**

ပွဲတော်အပြီးတွင် လုပ်ငန်းခွင်အသီးသီးသို့ တက်ကြွစွာဖြင့် ပြန်လည်ဝင်ရောက်ပြီး နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ကြရပါမည်။ နှစ်သစ်၏ အားမာန်များဖြင့် မိမိတို့၏လုပ်ငန်းစွမ်းဆောင်ရည်ကိုမြှင့်တင်ကာ တိုင်းပြည်အကျိုးကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ဆိုရပါလျှင် မဟာသင်္ကြန်ပွဲတော်သည် ရာသီစက်ဝန်း၏ အပြောင်းအလဲတစ်ခုမျှသာမဟုတ်ဘဲ မြန်မာပြည်သူ ပြည်သားများ၏ စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် သာယာဝပြောမှုကို ဖော်ဆောင်သည့် အမျိုးသားရေးပြယုဂ်တစ်ခုဖြစ်ပါသည်။ တန်ခူးလ၏ ပူပြင်းမှုအောက်တွင် ပိတောက်ရွှေဝါတို့က လန်းဆန်းမှုကို ပေးစွမ်းသကဲ့သို့ အတာရေစင်သည်လည်း လူတို့၏ စိတ်နှလုံးကိုအေးမြစေပါသည်။ သင်္ကြန်ပွဲတော်မှရရှိလိုက်သော စုပေါင်းအင်အား၊ သည်းခံခွင့်လွှတ်ခြင်းနှင့် မေတ္တာတရားတို့ကိုအခြေခံ၍ ငြိမ်းချမ်းသာယာသော နိုင်ငံတော်သစ်ကို ဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်ပါသည်။

နှစ်ဟောင်းမှ အညစ်အကြေးများ ကင်းစင်လွင့်ပျောက်ကာ၊ နှစ်သစ်တွင် သန့်ရှင်းလတ်ဆတ်သော စိတ်ဓာတ်များဖြင့် နိုင်ငံတော်၏အနာဂတ်ကို အလှဆင်ကြပါစို့ဟု တိုက်တွန်းရင်း မဟာသင်္ကြန်မှသည် ငြိမ်းချမ်းသာယာသော နှစ်သစ်ဆီသို့ လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဂုဏ်ယူစွာ ရေးသားအပ်ပါသည်။ ။

- လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ မခွဲခြားဘဲ တစ်ဦးပေါ်တစ်ဦး မေတ္တာဖြင့် ရေပက်ဖျန်းကြခြင်းသည် အမျိုးသားစည်းလုံးညီညွတ်မှုကို ခိုင်မာစေပါသည်။ ဤစည်းလုံးမှုအင်အားသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံအကျဆုံးသော ရိက္ခာတစ်ရပ်ပင်ဖြစ်
- ကမ္ဘာက အသိအမှတ်ပြုရသည့် မြန်မာ့အလှနှင့် အတာရေသဘင်၏ ထူးခြားချက်များသည် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်လျက်ရှိပါသည်။ ရိုးရာပွဲတော်သည် ကမ္ဘာ့ယဉ်ကျေးမှု မြေပုံပေါ်တွင် ထင်ရှားသောနေရာတစ်ခု ရရှိထားပြီးဖြစ်

# တောင်ငူမြို့နယ်၌ စားအုန်းဆီရောင်းချနေမှုများအား ကြည့်ရှုစစ်ဆေး

**တောင်ငူ မေ ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး အဖွဲ့ဝင်များသည် တောင်ငူမြို့ပေါ် ရပ်ကွက်များရှိ လက်ကား/လက်လီကိုယ်စားလှယ် အရောင်းဆိုင်များ၌ ယနေ့နံနက်ပိုင်းက စားအုန်းဆီများရောင်းချရာတွင် သတ်မှတ်ဈေးနှုန်း၊ အလေးချိန်၊ သတ်မှတ်ပမာဏအတိုင်း မှန်ကန်စွာရောင်းချရေး၊ ကုန်စုံဆိုင်များ၌ ရောင်းချနေသော အမှတ်တံဆိပ်ပါ ဘူးသွင်းဆီများ ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိစေရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။



တောင်ငူခရိုင်တွင် ရပ်ကွက်ကျေးရွာ ၂၀၄ အုပ်စု၊ အိမ်ထောင်စု ၁၇၆၆၆၁ စုအား လစဉ်စားအုန်းဆီ ၃၂၂၈ ပီပါကို လက်ကားကိုယ်စားလှယ်ခြောက်ဦး၊ လက်လီဆိုင်ခွဲပေါင်း ၁၂၁ ဆိုင်တို့ဖြင့် ပြည်သူများထံသို့ ဖြန့်ဖြူးပေးလျက်ရှိပြီး တောင်ငူမြို့နယ်အနေဖြင့် တစ်ရက်လျှင် ၃၉ ဒသမ ၄ ပီပါနှုန်း၊ တစ်လလျှင် ၉၈၅ ပီပါခွဲတမ်း ရရှိကာ ရပ်ကွက်ကျေးရွာ ၅၁ ခုတွင် အိမ်ထောင်စု ၄၄၇၄၈ စုအား သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **ဇော်ကိုကို (တောင်ငူ)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

❖ *ကျောဖုံးမှ*

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် KIA အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ KPDF အဖွဲ့ဝင် အမျိုးသား တစ်ဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသားခြောက်ဦး၊ စုစုပေါင်းအမျိုးသား ရှစ်ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ ကချင်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းမှူးဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူက အမှာစကား ပြောကြားပြီး တိုင်းမှူးက အလင်းဝင်ရောက်လာသူ လူငယ်များအား အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 သေနတ်တစ်လက်၊ MA-4 သေနတ်တစ်လက်၊ M-22 သေနတ်တစ်လက်၊ K-25 လောင်ချာ နှစ်လက်၊ K-25 သေနတ် တစ်လက်၊ M-23 စက်လတ် တစ်လက်၊ M-80 တရုတ်စက်လတ် တစ်လက်၊ Type-81 သေနတ် တစ်လက်၊ MG-1 လက်ပစ်ဗုံး တစ်လုံး၊ ၄၀ မမဗုံးသီး ၁၀ လုံး၊ ၅ ဒသမ ၅၆ မမကျည် ၃၂၆ တောင့်၊ ၇ ဒသမ ၆၂ မမကျည် ၄၀၅ တောင့်၊ ကျည်ခါးပတ်တွဲ တစ်ခု၊ ကျည်အိမ်မျိုးစုံ ၁၅ ခုနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် လေးလက်အတွက် ငွေကျပ်သိန်း ၂၀၀၊ စက်လတ် နှစ်လက်အတွက် ငွေကျပ်သိန်း ၁၀၀၊ MA-4 တစ်လက်အတွက် ငွေကျပ် ၇၅ သိန်း၊ K-25 လောင်ချာ နှစ်လက်အတွက် ငွေကျပ်သိန်း ၁၅၀၊ MG-1 လက်ပစ်ဗုံးတစ်လုံးအတွက် ငွေကျပ် သုံးသိန်း၊ စုစုပေါင်းငွေကျပ် ၅၂၈ သိန်းနှင့် အလင်း ဝင်ရောက်လာသူများအတွက် ငွေကျပ်သိန်း ၈၀၊ စုစုပေါင်းငွေကျပ် ၆၀၈ သိန်းကို ပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေး ပစ်မှတ်မဟုတ်သည့်အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများ ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

၁။ ရွှေမျှောလုပ်နေရင်းနဲ့ ပေါ်တာအဆွဲခံရတာဖြစ်ပါတယ်။ ဆွဲတာက KIA တွေ ဆွဲတာ၊ အဲတာပြီးတော့ ကျွန်တော့်ကို သင်တန်းကုန်းကို ပို့တယ်။ ကျွန်တော်တို့ အရှေ့မှာ နေရတာတွေက PDF တွေချည်းပဲနေရတာ။ KIA တွေက အနောက်မှာပဲ နေတာဗျ။ အရှေ့မှာနေတဲ့ PDF လူငယ်တွေ၊ ကျွန်တော်တို့ မြန်မာလူမျိုးတွေ အရှေ့မှာ တာဝန်ထမ်းဆောင်တဲ့ လူတွေက ကျည်ကာမပါ ဘာမပါ



နဲ့ ဒီတိုင်း သေနတ်တစ်လက်နဲ့ သူတို့ပေးတဲ့ ကျည်ဆန်နဲ့ အရှေ့မှာ စစ်တိုက်ခိုင်းတယ်။ အနောက်မှာ နေတဲ့ KIA တွေတော့ ကျည်ကာ Equipment အပြည့်အစုံနဲ့ နေရတာဗျ။ ပြီးတော့ ရပ်ရွာနေရာမှာပဲ သူတို့ အုပ်ချုပ်တယ်၊ အခွန်တွေကောက်တယ်။ သူတို့ကျတော့ အနောက်မှာပဲ ကျည်လွတ်မြေမှာပဲ သူတို့နေကြတယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ပြည်သူ့ကာကွယ်ရေးနဲ့ ပေါင်းတယ်ဆိုပြီးမှ သူတို့ နာမည်ခံမှတ်ယူတာ။ ရွာထဲမှာ ရပ်ထဲမှာကျရင် အိမ်ပိတ်ထားတဲ့ဟာတွေဆိုရင် အိမ်တွေကို ဖောက်တယ်။ အဲဒီမှာရှိတဲ့ သယံဇာတတွေ တစ်ခုခုပေါ့ တန်ကြေးရှိတဲ့ဟာတွေ၊ နောက်ဆုံး ကျွန်တော်မြင်ခဲ့တာ ပြောရမယ်ဆိုရင်တော့ စက်ချုပ်တဲ့ အပ်ချုပ်စက်တွေက အစ၊ ပန်းအိုးတွေ အဲဒါတွေကအစ သူတို့ ယူတယ် သိမ်းတယ်။ ပရိဘောဂပစ္စည်းတွေ သူတို့မှာ မရှိတဲ့ဟာတွေ ယူတယ်။ အလင်းဝင်ရောက်လာတဲ့ အချိန်မှာ အစောကတော့ ကျွန်တော်တို့ ကြောက်ခဲ့တာပေါ့၊ တပ်မတော်ဘက်က အန္တရာယ်ပြုမှာတို့၊ ထောင်ချမှာတို့၊ သတ်ဖြတ်မှာတို့ ထင်ခဲ့တာ။ တကယ်တော့ အဲလိုမျိုး မဟုတ်ဘူး။ ဒီရောက်တော့ တကယ့် ညီအစ်ကိုရင်းချာလိုပဲ၊ မိသားစုဝေးကွာခဲ့တဲ့ မိသားစုကို ပြန်ပြီး ဆုံတွေ့ရသလို ပျော်ပျော်ပါးပါးနဲ့ အဲလိုမျိုး ကြိုဆိုတယ်။ ညီအစ်ကိုတွေ အမြန်ဆုံးလာခဲ့ပါ၊ အမြန်ဆုံး အလင်းဝင်လာခဲ့ပါ။ တပ်မတော်က နွေးနွေးထွေးထွေးနဲ့ကြိုဆိုပါတယ်။ လက်ဖျားနဲ့ တောင်မှ မတို့ပါဘူးဗျာ။ ကောင်းကောင်းမွန်မွန် နွေးနွေးထွေးထွေးနဲ့ ကောင်းကောင်းမွန်မွန်ထားပြီးတော့ ကျွေးမွေးတယ်။ အဲဒါပြီးရင် ကျွန်တော့် မိဘရပ်ထံကို အပ်နှံပေးတယ်။ ပြီးတော့ ရိုက်နှက်တာ ဘာမှ မရှိပါဘူးဗျ။

၂။ PDF အကြမ်းဖက်အဖွဲ့ အစည်းတွေရဲ့ စည်းရုံးလှုံ့ဆော်မှုကို နားယောင်မိပြီးတော့ PDF အကြမ်းဖက်အဖွဲ့အစည်းဆီကို ရောက်ရှိခဲ့ပါတယ်။ သင်တန်းကာလမှာလည်း ကျွန်တော်တို့ကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံပါတယ်။ ရဲမေတွေအပေါ်ကိုလည်း ထိကပါး ရိကပါးတွေနဲ့လည်း ဆက်ဆံကြပါတယ်။ အချို့ရဲဘော်တွေဆိုရင် မနေချင်လို့ ထွက်ပြေးတယ်ဆိုရင်၊ ပြန်လည်ခုခံတယ်ဆိုရင် သေနတ်နဲ့ ပစ်သတ်တာတွေလည်း ရှိသလို၊ နောက်ပြန် ကြိုးနဲ့ တုပ်ဖမ်းတာတွေလည်း ရှိပါတယ်။ အချို့ ခေါင်းဆောင်တွေဆိုရင် ရဲဘော်တွေ ခံစားခွင့်တောင်မှ ဘာမှမပေးဘဲနဲ့ သူတို့ရှိတဲ့ ပိုက်ဆံကို သူတို့အိတ်ထဲ ထည့်တာတွေလည်း ရှိခဲ့ပါတယ်။ ကျွန်တော်တို့ကို KIA အသုံးချခံဆိုပြီးတော့မှ အဲလိုပုံစံမျိုးနဲ့ ကျွန်တော်တို့ကို ပစ်ထားပါတယ်။ ကျွန်တော်တို့က လာပြီးတော့ အသက် စတေးရတာနဲ့လည်း တူတယ်။ ဒါကြောင့် ကျွန်တော်ကလည်း အစကတည်းက မနေ



လည်းမနေချင်ဘူးဆိုတော့ နီးစပ်ရာ တပ်စခန်းကို ဆက်သွယ်ပြီး လက်နက်ချပြီး အလင်းဝင်ခဲ့ပါတယ်။ အလင်းဝင်တဲ့ အချိန်မှာ သက်ဆိုင်ရာဌာနသီးသီးကလည်း မိသားစုလို နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပါတယ်။ ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့ကို အကောင်းဆုံးလည်း အစားအသောက်၊ နေရေးထိုင်ရေးအားလုံး ကျန်းမာရေးပါအစ အကုန်လုံး သူတို့ အကုန်လုံး ပြည့်စုံစွာထားပါတယ်။ တပ်မတော်ထံကို အလင်းဝင်ခဲ့ဖို့ ကျွန်တော်တို့ ဖိတ်ခေါ်ပါတယ်။

**သတင်းစဉ်**

✻ *ကျောဖုံးမှ*

ဂျက်ရှူဒိုနီသည် အဆိုပါသွင်းဂိုးများကြောင့် ချန်ပီယံရှစ်ပြိုင်ပွဲ နောက်ဆုံးလေးပွဲတွင် သွင်းဂိုးငါးဂိုးအထိ ရှိလာပြီ ဖြစ်သည်။

ကိုဗင်ထရီအသင်းသည် ပြိုင်ဘက်ဒါဘီအသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် နောက်ဆုံးမိနစ်အထိ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရသည်။ ဒါဘီအသင်းသည် ကိုဗင်ထရီအသင်း၏ ဖိအားပေးကစားမှုများကြောင့် အသင်းကစားပုံဟန်ချက်ပျက်ခဲ့သော်လည်း ပွဲချိန်ပြည့်သည်အထိ အခက်တွေ့အောင် ကစားနိုင်ခဲ့သည်။ ဒါဘီအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် လက်ကျန်ပွဲကစားရန် ခြောက်ပွဲကျန်ရှိနေသေးသော်လည်း အဆင့်(၆) နေရာမှ ရက်စ်ဟမ်းနှင့် လေးမှတ်အထိ ကွာဟသွားခဲ့ပြီ ဖြစ်သည်။

ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄၀)အပြီးတွင် အမှတ်ပေးဇယားကို ကိုဗင်ထရီအသင်းက ၁၁ မှတ်အသာဖြင့် ဦးဆောင်ထားပြီး ယင်းနောက် မီဝေါလ်၊ မစ်ဒယ်ဘရော့၊ အစ်ဆွစ်၊ ဟားလ်စီးတီး၊ ရက်စ်ဟမ်းအသင်းတို့ အစဉ်အလိုက် ရပ်တည်နေသည်။ နာမည်ကြီးလက်စတာအသင်းသည် ပွဲစဉ်(၄၀)ကစားပြီး နိုင်ပွဲ ၁၁ ပွဲ၊ သရေ ၁၃ ပွဲ၊ ရှုံးပွဲ ၁၆ ပွဲနှင့်အတူ ရမှတ် ၄၀ ဖြင့် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည်။

**အောင်ဇော်**

# နွေရာသီ အပူဒဏ်ဖြတ်ကျော်ဖို့ အပူရှောင်စခန်းမှာ ခိုနားစို့

**ဧပြီလမှ ဇွန်လလယ်အထိ နွေရာသီကာလသည် အလွန်ပူပြင်းသည့် ရာသီဥတုဒဏ်ကို ခံစားကြရသည့် ကာလဖြစ်ပါသည်။ “ တန်ခူး-ကဆုန် ဆွေ့ဆွေ့ခုန် ” ဆိုသော ဆယ့်နှစ်လရာသီသဘာဝကို ညွှန်းဆိုသည့် မြန်မာဆိုရိုးစကားအရ ယခုအခါ နွေ၏အပူဒဏ်ကို သိသိသာသာ ခံစားနေကြရပြီဖြစ်သည်။ နှစ်စဉ်နှစ်တိုင်းကြုံတွေ့ကြရသည့် နွေအပူသည် ယခုနှစ်တွင် ယခင်နှစ်များကထက်ပိုသည်ဟု ခံစားကြရပြီး ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ အပူချိန်များ တစ်နှစ်ထက်တစ်နှစ် မြင့်မားလာမှုကို သိရှိခံစားကြမည်ဖြစ်ပါသည်။**

မောင်ဂျူလိုင်

မြန်မာနိုင်ငံ အလယ်ပိုင်းရှိ မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူးဒေသများသည် နှစ်စဉ် အပူချိန်မြင့်မားသည့် ဒေသများဖြစ်ပါသည်။ ထို့ကြောင့် နွေဦးရာသီစတင်ဝင်ရောက်သည်နှင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးနှိုးဆော်မှုများကို နေ့စဉ်ထုတ်သတင်းစာ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် လူမှုကွန်ရက်များတွင် မြင်တွေ့ရသလို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း နှစ်စဉ် အပူချိန်မြင့်မားသည့် မြို့နယ်များတွင် အပူရှောင်စခန်းများ ဖွင့်လှစ်ရန် စီမံဆောင်ရွက်ထားပါသည်။ ယခုနှစ်တွင်လည်း မကွေးတိုင်းဒေသကြီးရှိ မကွေး၊ ချောက်၊ ရေနံချောင်းနှင့် နတ်မောက်မြို့နယ်တို့တွင် မတ် ၁၆ ရက်မှစပြီး အပူရှောင်နိုင်မည့် နေရာများသတ်မှတ်ထားကာ ဒေသခံပြည်သူများ လာရောက်နားခိုနိုင်ရန် စီစဉ်ပေးထားကြောင်း တွေ့ရှိရပါသည်။



### နိုင်ငံတော်အကြီးအကဲက လမ်းညွှန်

ယခုနှစ် မတ်လကုန်ပိုင်းမှစတင်ကာ ကမ္ဘာ့အပူဆုံးမြို့များတွင် မြန်မာနိုင်ငံမှ မြို့များပါဝင်လာခဲ့ပါသည်။ ယခင်နှစ်များက အပူဆုံးမြို့များတွင် အမြဲတမ်းနီးပါး ပါဝင်နေသည့် အာဖရိကနိုင်ငံများနှင့် အိန္ဒိယနိုင်ငံများရှိ မြို့များကို ကျော်ဖြတ်ကာ အပူဆုံးမြို့များစာရင်းတွင် ထိပ်ဆုံးသို့ ရောက်ရှိလာခဲ့သည်။ မိုးလေဝသအခြေအနေများကို ထုတ်ပြန်ပေးသည့် eldorado weather မှ ထုတ်ပြန်သည့် စာရင်းအရ ၂၀၂၆ ခုနှစ်ဧပြီ ၁ ရက်တွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့သည် အပူချိန် ၄၃ ဒီဂရီစင်တီဂရိတ်ဖြင့် ကမ္ဘာ့အပူဆုံး နံပါတ်(၁) မြို့ဖြစ်ခဲ့ပြီး မကွေးမြို့တွင် ၄၃ ဒသမ ၈ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့တွင် ၄၁ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ဖြင့် အပူဆုံးမြို့များစာရင်းတွင် အဆင့်(၃)၊ (၄) ၌ ရှိနေခဲ့ကာ ကမ္ဘာ့အပူဆုံးမြို့ကြီး(၁၅)မြို့တွင် မြန်မာနိုင်ငံမှ မြို့ (၉) မြို့အထိ ပါဝင်ခဲ့သည်ကို တွေ့ရှိရပါသည်။

အဆိုပါအခြေအနေအပေါ် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အတူ မိမိတို့နေအိမ်တွင် နေထိုင်ရန်ခက်ခဲပြီး အပူဒဏ်ကိုတိမ်းရှောင်ရန် လိုအပ်မည့်သူများနှင့် သက်ကြီးဘိုးဘွားများအား အပူရှောင်စခန်းများတွင် လာရောက်နားခိုနေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကာ အပူရှောင်စခန်းများ ချက်ချင်းဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ခဲ့ကြပါသည်။ ထိုသို့စီစဉ်မှုအရ ဧပြီ ၂ ရက်မှစပြီး မင်းဘူးမြို့ ပညာ့အလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် အပူရှောင်စခန်းအား စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

### အပူရှောင်စခန်းများ ဆက်လက်ဖွင့်လှစ်

ထို့နောက် ဧပြီ ၃ ရက်တွင် မင်းဘူးမြို့ သာသနဗိမာန်တော်ကြီးတွင် အပူရှောင်စခန်းတစ်ခု၊ စကုမြို့ အမှတ်(၂)ရပ်ကွက်ရှိ မိုးကုတ်ဓမ္မရိပ်သာတွင် အပူရှောင်စခန်းတစ်ခုကို ထပ်မံဖွင့်လှစ်ကာ စုစုပေါင်းအပူရှောင်စခန်း သုံးခု ဖွင့်လှစ်နိုင်ခဲ့ပြီး မင်းဘူးမြို့နယ်အတွင်းရှိ လူဦးရေ ၄၀၀ ခန့် အပူရှောင်နားခိုနိုင်စေရန် စီစဉ်ထားရှိပါသည်။ အပူရှောင်စခန်းများသို့ လာရောက်နားခိုကြသည့် လူဦးရေအနည်းအများပေါ်မူတည်၍ မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာ၊ ဖလံရုံကျေးရွာနှင့် အောက်ကျောင်းကျေးရွာများတွင်လည်း အပူရှောင်စခန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဟု သိရပါသည်။

ထိုအပူရှောင်စခန်းများတွင် လာရောက်နားခိုနေထိုင်ကြသည့် သံဃာတော်နှင့် သီလရှင်များ၊ သက်ကြီးဘိုးဘွားများ၊ အပူရှောင်သူများအတွက် နိုင်ငံတော်အကြီးအကဲက အလှူငွေကျပ် သိန်း ၃၀၀ နှင့် ငွေကျပ် ၉၁ သိန်းတန်ဖိုးရှိ ဓာတ်ဆားနှင့် အချိုရည်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ် ၇၃ သိန်းကျော်တန်ဖိုးရှိ ရေသန့်၊ အချိုရည်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ငွေကျပ်သိန်း ၁၀၀ နှင့် ငွေကျပ် ၆၁ သိန်းတန်ဖိုးရှိ အားဖြည့်အချိုရည်များကို ပံ့ပိုးဆောင်ရွက်ထားပြီး ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များကလည်း လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါသည်။

ယခုအခါ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်း နေ့အပူချိန်မြင့်မားသည့် မြို့နယ်များအလိုက် ဦးစားပေးသတ်မှတ်ကာ အပူရှောင်စခန်းများ ဖွင့်လှစ်ထားပြီဖြစ်ရာ မကွေးမြို့ပေါ်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ချောက်မြို့နယ် အမှတ်(၁၁) ရပ်ကွက် မြို့နယ်သာသနဗိမာန်၊ စကုမြို့ အမှတ်(၂) ရပ်ကွက် မိုးကုတ်ဓမ္မရိပ်သာ၊ ဆင်ဖြူကျွန်းမြို့ အမှတ်(၃) ရပ်ကွက် ရွှေကျွန်းဆည်းဆာဘိုးဘွားရိပ်သာနှင့် အောင်လံမြို့ကန်ကြီးရပ်ကွက် သိမ်ကုန်းဓမ္မာရုံတို့တွင် ဧပြီ ၃ ရက်မှ စပြီး အပူရှောင်စခန်းများ ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။ အပူရှောင်စခန်းများတွင် လာရောက်နားခို အပူရှောင်ကြသည့် သက်ကြီးဘိုးဘွားများအပါအဝင် ပြည်သူများအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က နေ့လယ်စာ ထမင်း၊ ဟင်း၊ အချိုရည်၊ အဆာပြေမုန့်၊ ရေသန့်နှင့် ဆေးဝါးများကို လုံလောက်စွာ စီစဉ်ပေးထားကြောင်း သိရပါသည်။ ထို့ပြင် အပူရှောင်စခန်းများတွင် လာရောက်နားခိုနေထိုင်ကြသည့် ဘိုးဘွားများနှင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင်များက မင်းဘူးသာသနဗိမာန်ရှိ အပူရှောင်စခန်းအတွက် ငွေကျပ် ၂၅ သိန်း၊ မကွေးမြို့ အောင်ချမ်းသာရပ်ကွက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းရှိ အပူရှောင်စခန်းအတွက် ငွေကျပ် ၃၉၄ သိန်းကို လှူဒါန်းခဲ့ကြောင်း ပီတိဖြစ်ဖွယ် ကြားသိရပါသည်။

### ကျန်းမာရေး စောင့်ရှောက်ပေးမှု

မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် ဖွင့်လှစ်ထားသည့် အပူရှောင်စခန်းများတွင် လာရောက်နားခိုနေထိုင်ကြသည့် ပြည်သူများအတွက် နားနေခန်း၊ တရားနာခန်း၊ TV ကြည့်ခန်း၊ ထမင်းစားခန်းများကို စနစ်တကျပြင်ဆင်ပေးထားသည့်အပြင် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ မီးသတ်ဦးစီးဌာနက ပတ်ဝန်းကျင်နေရာများအား ရေဖျန်းပေးခြင်း၊ လေဝင်လေထွက်ကောင်းမွန်စေရန် ဆောင်ရွက်ပေးခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ/ရသ စာအုပ်စာပေများ၊ သတင်းစာ၊ ဂျာနယ်နှင့်မဂ္ဂဇင်းများကို ဖတ်ရှုနိုင်ရန် ထားရှိပေးခြင်း၊ အဘိုး/အဘွားများ လွယ်ကူစွာသွားလာနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က နေ့စဉ် ကြို/ပို့ယာဉ်များ စီစဉ်ထားရှိခြင်းနှင့် ခရိုင်ပြည်သူ့ဆေးရုံကြီးများတွင်လည်း အပူဒဏ်ကြောင့် “ Heat Stroke ” ရောဂါလက္ခဏာများ ဖြစ်လာပါက အရေးပေါ်ကုသပေးနိုင်ရန် ကုသခန်းများ ကြိုတင်ပြင်ဆင်ထားကြောင်း သိရပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း၌ မြို့နယ် (၅) မြို့နယ်၌ အပူရှောင်စခန်းများ ဖွင့်လှစ်ထားပြီး ဆက်လက်၍ တောင်တွင်းကြီး၊ ရေနံချောင်း၊ စလင်း၊ ဂန့်ဂေါ၊ ပွင့်ဖြူနှင့် မင်းလှမြို့နယ်တို့တွင်လည်း သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ ပူးပေါင်းကာ ဧပြီ ၄ ရက်မှစပြီး အပူရှောင်စခန်းများကို ဖွင့်လှစ်နေပြီဖြစ်ကြောင်း သိရှိရပါသည်။

### သတိပြုကာကွယ်

ပြင်းထန်သောအပူရှိန်သည် ရုပ်ပိုင်းဆိုင်ရာကိုသာမက စိတ်ပိုင်းဆိုင်ရာကိုပါ ထိခိုက်စေပြီး အပူဒဏ်ကြောင့် ရုတ်တရက်သေဆုံးသည်အထိ အန္တရာယ်ရှိနိုင်ပါသည်။ ထို့ကြောင့် သက်ကြီးအဘိုး/အဘွားများအပါအဝင် ပြည်သူများအနေဖြင့် အပူဒဏ်ရှောင်ရှားနိုင်ရေးအတွက် မိမိတို့နေအိမ်များတွင်နေထိုင်ရန် သင့်တော်မှုမရှိပါက အပူရှောင်စခန်းများတွင် နားခိုနေထိုင်ပြီး အပူဒဏ်ကို ရှောင်ရှားကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက နေ့စဉ် နှိုးဆော်ထုတ်ပြန်ပေးနေမည့် အပူဒဏ် ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များကို သတိပြုလိုက်နာကြပါရန် တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။




**“ အပူရှောင်စခန်းများတွင် လာရောက်နားခိုနေထိုင်ကြသည့် သံဃာတော်နှင့် သီလရှင်များ၊ သက်ကြီးဘိုးဘွားများ၊ အပူရှောင်သူများအတွက် နိုင်ငံတော်အကြီးအကဲက အလှူငွေကျပ် သိန်း ၃၀၀ နှင့် ငွေကျပ် ၉၁ သိန်းတန်ဖိုးရှိ ဓာတ်ဆားနှင့်အချိုရည်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ် ၇၃ သိန်း ကျော်တန်ဖိုးရှိ ရေသန့်၊ အချိုရည်နှင့်တစ်ကိုယ်ရေသုံးပစ္စည်းများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ငွေကျပ်သိန်း ၁၀၀ နှင့် ငွေကျပ် ၆၁ သိန်းတန်ဖိုးရှိ အားဖြည့်အချိုရည်များကို ပံ့ပိုးဆောင်ရွက်ထားပြီး ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များကလည်း လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိ ”**

# တောင်ကြီးမြို့၊ ထန်းတပင်မြို့နှင့် ချမ်းအေးသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် မေ ၄**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး ကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက် အရိယဝံသမြို့ဦးကျောင်းတိုက်ရှိ သံဃာတော်များ အား အဆိုပါကျောင်းတိုက်၌အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေး အဖွဲ့က သံဃာတော် ၃၈၂ ပါးအား အရိုးအကြော ရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ ဖျားနာ ရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်း၊ Ultrasound စက်ဖြင့် ရောဂါရှာဖွေပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းများ ဆောင်ရွက် ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား တပ်မတော်ဆေးရုံသို့ တက်ရောက် ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးကာ အဆိုပါကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ငှက်သိုက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၁၂ ပါးနှင့် ဒေသခံပြည်သူ ၁၂၅ ဦးတို့အား အဆိုပါကျေးရွာရှိ အောင်ချမ်းသာကျောင်းတိုက်၌ အခြေပြု၍လည်း ကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အရှေ့ ရပ်ကွက်၊ မြို့လယ်ဆူးခါးကျောင်းတိုက်ရှိ သံဃာ တော် ၁၆ ပါးနှင့် ဒေသခံပြည်သူ ၁၀၄ ဦးတို့အား အဆိုပါ ကျောင်းတိုက်ရှိဓမ္မာရုံ၌ အခြေပြု၍ လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း များ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေး အဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများ အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိ ရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော် ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက် ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးမှ တာဝန်ရှိသူ များက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဈေးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် မေ ၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ အတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီး ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများ ပြည်သူ သွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံ ပညာကျောင်းများ၊ တက္ကသိုလ် များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန် များ သန့်ရှင်းသာယာလှပစေရေး အတွက် နယ်မြေခံတပ်မတော် သားများ၊ ဌာနဆိုင်ရာဝန်ထမ်း များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင် ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက် ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အေးသာယာမြို့၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီ မြို့နယ်အပါအဝင် မြို့နယ် ၁၈ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ အခြေခံပညာ ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်း များ၊ စေတီပုထိုးများ၊ ဘုန်းတော် ကြီးကျောင်းများနှင့် ဈေးများ၌ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက် များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်း များ တူးဖော်ပေးခြင်း၊ ရေကန်များ တွင် အဘိတ်ဆေးများ ခတ်ပေး ခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်း နှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ ပေးခြင်းများကို စုပေါင်းဆောင် ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများ ကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် များမှ တိုင်းမှူးများနှင့် တပ်နယ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**




# ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ်ပြန်လည်ထွက်ခွာ

**နေပြည်တော် မေ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော်သို့ ချစ်ကြည်ရေးခရီးအလည် အပတ်ရောက်ရှိနေသည့် ထိုင်း ဘုရင့်ရေတပ်မှ စစ်ရေယာဉ် HTMS Kraburi(FFG–457) သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ပြန်လည် ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည် များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်း ရေတပ်စစ်သံမှူးတို့က ပို့ဆောင် နှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ်အား အဖွဲ့ခေါင်းဆောင်ဖြစ်သူ ထိုင်း ဘုရင့်ရေတပ် 3rd Naval Area Command မှ Captain Nat–thawat Wichakul ဦးဆောင်၍ ချစ်ကြည်ရေး ခရီးရောက်ရှိလာ ခြင်းဖြစ်ပြီး မတ် ၃၁ ရက်မှ ယနေ့ထိ ငါးရက်ကြာခရီးစဉ် အတွင်း ရန်ကုန်မြို့ရှိ အထင်ကရ နေရာများသို့လေ့လာရေးခရီးသွား ရောက်ခြင်းနှင့် နှစ်နိုင်ငံ ရေတပ် ချစ်ကြည်ရေး အားကစားပြိုင်ပွဲ များ ပြုလုပ်ခဲ့ကြကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

# ရောဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ မြစ်ကြီးနားမြို့ ယူချိန်တရုတ်ယဉ်ကျေးမှုကျောင်း၌ ဒေသခံပြည်သူများအား တွေ့ဆုံရှင်းလင်း

**မြစ်ကြီးနား မေ ၄**

ရောဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းနှင့် စပ်လျဉ်း၍ ရောဝတီမြစ်ဆုံ- မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာ အထောက်အကူ ပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ်ဒေသခံကော်မတီ အနေဖြင့် ပြည်သူလူထုတွေ့ဆုံ ရှင်းလင်းပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မြစ်ကြီးနားမြို့ ရွှေညောင်ရပ်ကွက် အတွင်းရှိ ယူချိန်တရုတ်ယဉ်ကျေး မှုကျောင်း၌ ဒေသခံပြည်သူများ အား တွေ့ဆုံရှင်းလင်းခဲ့သည်။



အဆိုပါ ရှင်းလင်းဆွေးနွေးပွဲ သို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် များ၊ ရပ်မိရပ်ဖများ၊ တရုတ် ဘုံကျောင်း တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ ကြပြီး ရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ အထောက်အကူပြု ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ကချင်ပြည်နယ်ဒေသခံ ကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဦးထွန်းထွန်းလှိုင်၊ ဒေါက်တာ အောင်ဝင်း၊ ဦးနော်ထွဲနှင့် ဦးဂျန်ခုန်န့် (ခ) ဦးနော်ခုန့်တို့က ရောဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စီမံကိန်းနှင့် စပ်လျဉ်း ၍ ပညာရှင်များ၏ လေ့လာတွေ့ရှိ မှု၊ ဘူမိဗေဒဆိုင်ရာ တွေ့ရှိချက် များ၊ ကမ္ဘာ့ရေကာတာကြီးများ အကြောင်းနှင့် လျှပ်စစ်ဓာတ်အား ရရှိမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံများအကြား နှိုင်းယှဉ် ခြင်း စသည့် ခေါင်းစဉ်များဖြင့် ရှင်းလင်းဟောပြောဆွေးနွေးခဲ့ကြ ရာ တက်ရောက်လာကြသည့် ကျောင်းအုပ်နှင့် ကျောင်းသား လူငယ်များက မြစ်ဆုံစီမံကိန်း ဆိုင်ရာ သိလိုသည်များနှင့် ၎င်းတို့၏ အမြင်များအပေါ် သိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပဋိပက္ခဖြစ်ပွားမှုများကြောင့် ထိခိုက်မှုရှိသော နိုင်ငံငါးနိုင်ငံ၏ ကျန်းမာရေးစနစ်အတွက် ထောက်ပံ့ကူညီမှုများ အရေးပေါ် လိုအပ်နေဟုဆို

**ဂျီနီဗာ ဧပြီ ၄**

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုများကြောင့် ထိခိုက်မှုရှိသော လက်ဘနွန်၊ အီရန်၊ အီရတ်၊ ဆီးရီးယားနှင့် ဂျော်ဒန် စသည့် နိုင်ငံငါးနိုင်ငံ၏ ကျန်းမာရေးစနစ်များအတွက် အရေးပေါ်ထောက်ပံ့ကူညီမှုများ လိုအပ်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ် အက်ဟာနွန် ဂါဘရီယက်ဆုစ် (**ယာပုံ**) က လူမှုကွန်ရက်တွင် ရေးသားဖော်ပြထားသည်။

သီတင်းပတ်များစွာ ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကြောင့် ထိခိုက်မှုရှိသည့် အဆိုပါနိုင်ငံများ၏ ကျန်းမာရေးစနစ်များသည် ဆိုးရွားသော အခြေအနေတွင်ရှိနေသည်ဟု တက်ဒရော့စ်က ပြောသည်။ ထို့အပြင် WHO သည် အဆိုပါ ငါးနိုင်ငံ၏ ကျန်းမာရေးစနစ်များကို ထောက်ပံ့ပေးနိုင်ရန် အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃ သန်းရှိ အရေးပေါ်ရန်ပုံငွေတောင်းခံမှုကို စတင်လိုက်ပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုနှစ် မတ်လမှ ဩဂုတ်လအထိ အကျုံးဝင်မည့် အဆိုပါ ရန်ပုံငွေတောင်းခံမှုအစီအစဉ်သည် မရှိမဖြစ်လိုအပ်သောကျန်းမာရေးဝန်ဆောင်မှုများနှင့် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးဝါးကုသမှုပေးမည့် ဝန်ဆောင်မှုများကို ထိန်းထားနိုင်ရန်၊ ရောဂါစောင့်ကြပ်ကြည့်ရှုမှုများနှင့် ဆောလျင်စွာ ကြိုတင်သတိပေးစနစ်များ အားကောင်းလာစေရန်၊ အစုလိုက်အပြုံလိုက် ထိခိုက်ဒဏ်ရာရရှိသူများအား စီမံခန့်ခွဲနိုင်သည့်စွမ်းဆောင်ရည်ကိုမြှင့်တင်ရန်အပြင် ဓာတုဗေဒ၊ ဇီဝဗေဒ၊ ရေဒီယိုသတ္တိကြွနှင့် နျူကလီးယားဆိုင်ရာ အရေးပေါ်အခြေအနေများအတွက် အမျိုးသားအဆင့် အသင့်အနေအထားရှိမှုတို့ကို မြှင့်တင်ရန် စသည့်နေရာများတွင် သုံးစွဲသွားရန် ရည်ရွယ်ထားသည်။




အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုများကြောင့် မတ် ၃၁ ရက်အထိ နေရပ်စွန့်ခွာသူပေါင်း လေးသန်းကျော်ရှိကြောင်း၊ ၃၃၀၀ ကျော် သေဆုံးကြောင်းနှင့် ၃၀၀၀၀ ထိခိုက်ဒဏ်ရာရရှိကြောင်း WHO ၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# ဩစတြေးလျနိုင်ငံ၏ စက်သုံးဆီထောက်ပံ့မှု အားကောင်းနေဆဲဖြစ်ဟု စွမ်းအင်ဝန်ကြီးပြော

**ဆစ်ဒနီ ဧပြီ ၄**

ဩစတြေးလျနိုင်ငံ၏ စက်သုံးဆီထောက်ပံ့မှုမှာ ခိုင်မာနေဆဲဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီဆိုင်များသို့ ဓာတ်ဆီများ ပိုမိုရောက်ရှိနေကြောင်း စွမ်းအင်ဝန်ကြီး ခရစ်ဘိုဝင်က ဧပြီ ၄ ရက်တွင် ပြောသည်။

အပတ်စဉ် ထုတ်ပြန်သည့် စက်သုံးဆီ သတင်းအချက်အလက်အသစ် ထုတ်ပြန်မှုတွင် ဩစတြေးလျနိုင်ငံ၌ ဓာတ်ဆီ ၃၉ ရက်စာ၊ ဒီဇယ်ဆီ ၂၉ ရက်စာနှင့် ဂျက်လေယာဉ်ဆီ ရက် ၃၀ စာ အရန်သိုလှောင်ထားရှိကြောင်း စွမ်းအင်ဝန်ကြီးက ဆစ်ဒနီမြို့၌ သတင်းထောက်များကို ပြောကြားခဲ့သည်။

အဆိုပါ ကိန်းဂဏန်းများ သိသိသာသာ အတက်အကျမရှိဘဲ တည်ငြိမ်နေခြင်းမှာ ဆီများသည် ဆီဆိုင်များနှင့် တောင်သူလယ်သမားများထံ ရောက်ရှိသွားပြီး ဩစတြေးလျ၏ သွင်းကုန်ဆိပ်ကမ်းများနှင့် သန့်စင်စက်ရုံများသို့လည်း ဆီများ ဝင်ရောက်လျက်ရှိသည် ဟု ၎င်းက ဆက်ပြောသည်။




စက်သုံးဆီ ပြတ်လပ်သည့် ဆီဆိုင်အရေအတွက်မှာ လျော့ကျလာပြီး ရေနံသင်္ဘောအစင်း ၅၀ သည် ဩစတြေးလျသို့ ဦးတည်သည့် လမ်းခရီးပေါ်ရှိနေပြီး ဆီပြန်လည်ဖြည့်တင်းရန် ကြိုးပမ်းမှုများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။

နိုင်ငံတစ်ဝန်း စက်သုံးဆီဆိုင်ပေါင်း ၈၀၀၀ ဝန်းကျင်ရှိသည့်အနက် ၃၁၂ ဆိုင်တွင် ဒီဇယ်ဆီ ပြတ်လပ်နေကြောင်း ၎င်းက ပြောသည်။ ပြည်သူများအနေဖြင့် အီစတာပိတ်ရက် အားလပ်ရက်ခရီးစဉ်များဖျက်သိမ်းရန် မလိုသော်လည်း လိုအပ်သလောက်သာ စက်သုံးဆီ ဝယ်ယူကြရန်လည်း ပြောကြားခဲ့သည်။

**ဆင်ဟွာ၊ Photo-TheGuardian**

# ဂျပန်နိုင်ငံနှင့်ဆက်နွှယ်မှုရှိသော ဒုတိယမြောက်သင်္ဘော ဟော်မုဇ်ရေလက်ကြားမှ ဖြတ်သန်းခွင့်ရရှိ

**တိုကျို ဧပြီ ၄**

ဂျပန်နိုင်ငံနှင့် ဆက်နွှယ်မှုရှိသော သင်္ဘောတစ်စင်းသည် အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခဖြစ်ပွားမှုများကြောင့် ပိတ်ပင်ထားသော ဟော်မုဇ်ရေလက်ကြားကို ဖြတ်ကျော်ကာ ပါရှန်ပင်လယ်ကွေ့မှ ထွက်ခွာနိုင်ခဲ့ပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခ စတင်ဖြစ်ပွားချိန်မှစတင်ကာ ဟော်မုဇ်ရေလက်ကြားကို ဂျပန်နိုင်ငံနှင့် ဆက်နွှယ်မှုရှိသော ဒုတိယမြောက်သင်္ဘော ဖြတ်သန်းခွင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Green Sanvi သင်္ဘောသည် ဂျပန်နိုင်ငံ Mitsui O.S.K. Lines ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီတစ်ခုက ပိုင်ဆိုင်သည့် အိန္ဒိယအလံတင် ရေနံဓာတ်ငွေ့ရည် တင်ဆောင်သော သင်္ဘောဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ ယင်းသင်္ဘောသည် ပါရှန်ပင်လယ်ကွေ့တွင် ပိတ်မိနေသည့် သင်္ဘောတစ်စင်းဖြစ်ပြီး ယခုအခါ အိန္ဒိယနိုင်ငံသို့ ဦးတည် ထွက်ခွာလာနေပြီ ဖြစ်ကြောင်း သိရသည်။ သင်္ဘောအမှုထမ်းများ၊ သင်္ဘောနှင့်ကုန်စည်များ ဘေးကင်းလုံခြုံမှုရှိကြောင်း အတည်ပြုထားသည်။ ယင်းသင်္ဘောသည် အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခ စတင်ဖြစ်ပွားချိန်မှ စတင်ကာ အဆိုပါ ရေပြင်ဧရိယာတွင် ပိတ်မိနေသော ဂျပန်နိုင်ငံနှင့် ဆက်နွှယ်မှုရှိသည့် သင်္ဘော ၄၅ စင်းအနက် တစ်စင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**




# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဝက်သက်ရောဂါ သံသယလူနာ ၉၄ ဦး သေဆုံး

**ဒါကာ ဧပြီ ၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၂၄ နာရီအတွင်း ဝက်သက်ရောဂါဟုသံသယရှိသူ ၉၄၇ ဦး တွေ့ရှိခဲ့ပြီး သေဆုံးသူ သုံးဦးရှိသည်ဟု ကျန်းမာရေးအာဏာပိုင်များက ဧပြီ ၃ ရက်တွင် ပြောသည်။ ဝက်သက်ရောဂါ သံသယလူနာ ၅၇၈၂ ဦးရှိလာပြီး သေဆုံးသူ ၉၄ ဦးအထိရှိလာသည်။

ကျန်းမာရေးညွှန်ကြားမှုဦးစီးဌာန (DGHS) ၏ အဆိုအရ ဝက်သက်ရောဂါ သံသယလူနာသုံးဦး သေဆုံးမှုမှာ ဧပြီ ၂ ရက် နံနက် ၈ နာရီမှ ဧပြီ ၃ ရက် နံနက် ၈ နာရီအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းအချိန်အတွင်းမှာပင် တစ်နိုင်ငံလုံးအနှံ့ ဝက်သက်ရောဂါဟု သံသယရှိသူ ၉၄၇ ဦး ဆေးရုံတက်ရောက်ကုသမှုခံယူခဲ့ရသည်။

ထို့နောက် ၎င်းတို့ထဲမှ လူနာ ၄၂ ဦးကို ဓာတ်ခွဲခန်းစမ်းသပ်မှုများအရ ဝက်သက်လူနာဟုအတည်ပြုနိုင်ခဲ့သည်။ ကျန်းမာရေးညွှန်ကြားမှုဦးစီးဌာန၏ အချက်အလက်များအရ မတ် ၁၅ ရက်မှ ဧပြီ ၃ ရက်အထိ ဓာတ်ခွဲခန်းအတည်ပြုလူနာ ၇၇၁ ဦး ရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဂျာဗားပြည်နယ်၌ ရေကြီးမှုကြောင့် လူပေါင်း ၃၀၀၀ နီးပါး ဘေးလွတ်ရာရွှေ့ပြောင်း

**ဂျကာတာ ဧပြီ ၄**

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဂျာဗားပြည်နယ် ဒီမက်ခ်ဒေသတွင် ရေကြီးမှုကြောင့် ဒေသခံ ၃၀၀၀ ဝန်းကျင်ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ တစ်ဦးပျောက်ဆုံးနေကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီက ဧပြီ ၄ ရက်တွင် ပြောသည်။

အထက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘေးအန္တရာယ် စတင်ဖြစ်ပေါ်ခဲ့ပြီး ရေထုထည်မြင့်တက်လာကာ ဒူကုဆိုလိုဝဲလ်နှင့် ဒူကုဆဲလိုဒိုကိုရှိ ဆည်ရိုးများပြိုကျခဲ့သဖြင့် အနီးရှိ လူနေရပ်ကွက်များ ရေလွှမ်းမိုးခဲ့သည်။ ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရသော ဒေသခံပေါင်း ၄၂၈၀ အနက် ၂၈၃၉ ဦးကို ခိုလှုံရာနေရာအချို့သို့ ရွှေ့ပြောင်းပေးခဲ့ရသည်ဟု အမျိုးသားသဘာဝဘေးအေဂျင်စီ၏ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူမူဟာရီကပြောသည်။ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များနှင့် အာဏာပိုင်များက ဒေသခံများကို ကယ်ဆယ်ခဲ့ပြီး ယာယီခိုလှုံရာနေရာများ ထူထောင်ပေးခဲ့သည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံ၌ လျှော်လှုပ်ခတ်မှုကြောင့် ရှစ်ဦးသေဆုံး

**ကဘူးလ် ဧပြီ ၄**

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းတွင် ဧပြီ ၃ ရက် ညနေပိုင်းက ပြင်းအား ၅ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ရာ ရှစ်ဦးထက်မနည်း သေဆုံးကြောင်း အာဖဂန်နစ္စတန် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် ယူဆွတ်ဖ်ဟာမက်က ပြောသည်။ ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် ကဘူးလ်ပြည်နယ်ရှိ နေအိမ်တစ်လုံးပြိုကျမှုဖြစ်ပွားခဲ့ပြီး ရှစ်ဦးသေဆုံးကြောင်းနှင့် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်မှုကို အာဖဂန်နစ္စတန်နိုင်ငံ၏ မြို့တော်ကဘူးလ်တွင် သိရှိခံစားခဲ့ရကြောင်း ဧပြီ ၃ ရက် ညပိုင်းတွင် ဟာမက်က ပြောသည်။ အဆိုပါငလျင်သည် မြေအောက် အနက် ၁၈၆ ဒသမ ၄ ကီလိုမီတာကို ဗဟိုပြုလုပ် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# အမည်မည်းစာရင်းကြေညာခြင်း

*(ယမန်နေ့မှအဆက်)*

၁-၁-၂၀၂၂ ရက်နေ့မှ ၃၁-၃-၂၀၂၅ ရက်နေ့အထိ ပို့ကုန်ရငွေ အပြည့်အဝ ပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီ (၂၈၇) ခု စာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | ကုမ္ပဏီလိပ်စာ |
|---|---|---|---|---|
| ၅၁ | GAIWACH (MYANMAR) GARMENT COMPANY LIMITED. | Mr. Liu Gong | EF1238623 | THAR DU KAN INDUSTRIAL ZONE, PLOT NO 87/88, MYAY TAING BLOCK NO. 51, SHWE PYI THAR TOWNSHIP, YANGON REGION |
| | | Mr. Wan Peng | EF7721078 | |
| ၅၂ | GCM COMPANY LIMITED. | Daw Yan Hmwe Kyi | 13/KAKHANA(N)057460 | (64) STREET, BET;(35 & 36)STREET, NO. (KA/31), MAHARAUNGMYAY TOWNSHIP, MANDALAY REGION |
| | | Mr. Zhang Qiao | E07329529 | |
| ၅၃ | GLOBAL CASES (MYANMAR) CORPORATION LIMITED. | Mr. Peng Zhiyong | EG2437499 | CORNER OF TAN CHAT WUN U MYU ST & TAN CHAT WUN U MYAE ST, NO.1, EAST DAGON INDUSTRIAL ZONE, DAGON MYO THIT (EASTEN PART) TOWNS, YANGON REGION |
| | | Mr. Peng Zhiming | E18354413 | |
| | | Ms. Zhou Chuanxia | EG3216082 | |
| ၅၄ | GLOBAL COMMODITIES COMPANY LIMITED | Daw Moh Moh Naing | 12/OUKAMA(N)201456 | AUNG MYITTA ROAD, NO(318), (1ST) FLOOR, YA MONE NA(1) QUARTER, DAWBON TOWNSHIP, YANGON REGION |
| | | Daw Thaw Thaw Naing | 12/OUKAMA(N)219672 | |
| ၅၅ | GLOBAL GEO INDUSTRY AND MINING CO., LTD. | Daw Moon December | 2/LAKANA(N)067727 | 7, NO (65-66), INDUSTRIAL ZONE(1), LOIKAW, KAYAH STATE |
| | | U Hla Htwe | 8/NAMANA(N)122472 | |
| | | U Tay Zar Win Tun | 12/OUKATA(N)150268 | |
| ၅၆ | GLOBAL SMARTTACT HOLDING (MYANMAR) COMPANY LIMITED | U Shwe Ba | 12/LAMATA(N)008415 | 40TH STREET (LOWER BLOCK), NO. 150, KYAUKTADA TOWNSHIP, YANGON REGION |
| ၅၇ | GOLDEN APT COMPANY LIMITED | U Soe Yan Naing | 12/OUKATA(N)123515 | PARNITAYARMA STREET, 2 WARD, NO. 56, SHWE TAUNG KYAR, BAHAN TOWNSHIP, YANGON REGION |
| ၅၈ | GOLDEN CIRCLE CO., LTD. | Daw Yu Yu Win | 12/SAKHANA(N)056126 | NO. 5, AYE YEIK MON ROAD, HLAING TOWNSHIP, YANGON REGION |
| | | Mr. Zhang Fan | E20009691 | |
| ၅၉ | GOLDEN EUGENIA COMPANY LIMITED. | Daw Soe Mar Lar | 12/OUKATA(N)071573 | 7TH STREET, NO. 181, (10) QUARTER, SOUTH OKKALAPA TOWNSHIP, YANGON REGION |
| ၆၀ | GOLDEN GOAT COMPANY LIMITED. | U Naing Naing Swe | 9/MAHTALA(N)201929 | KAUNG KHAR STREET, 12 WARD NALMYAY 8, LARSHOW TOWNSHIP, SHAN STATE |
| | | U Pho Tun | 8/MAMANA(N)175954 | |
| ၆၁ | GOLDEN MAGIC HAND COMPANY LIMITED | U Tin Aung | 7/AHPHANA(N)049835 | NGUWAH STREET, NO.22, MAGALADON, YA KYI I, YANGON REGION |
| ၆၂ | GOLDEN NSL & BROTHERS COMPANY LIMITED. | U Naing Soe Lin | 9/PATHAKA(N)067108 | HOME NO. (2/14), NO. 2 QUARTER, ONGYAW VILLAGE, PATHEINGYI TOWNSHIP, MANDALAY REGION |
| | | U Hlaing Min Oo | 5/YABANA(N)141583 | |
| | | U Aung Htay | 10/MALAMA(N)097036 | |
| ၆၃ | GOLDEN PUCE MOE COMPANY LIMITED | U Aung Kyaw Moe | 9/MAHTALA(N)221936 | SAL MYAUNG KYAUNG STREET, OAK THAR MYOTHIT WARD, BAGO TOWNSHIP, BAGO REGION |
| ၆၄ | GOLDEN SKY LAND COMPANY LIMITED | Daw Khin Hnin Aye | 12/LAMATA(N)013629 | MAHARBADULA STREET, NO (813), LANMATAW TOWNSHIP, YANGON REGION |
| ၆၅ | Golden Skyway Co., Ltd | Daw Lalita Kumari | 7/PHAMANA(N)257263 | YANGON-MANDALAY OLD HIGHWAY ROAD, NO. 14/172, MYOMA(1), ZEYAAWADDI, PHYU TOWNSHIP, BAGO REGION |
| | | U Ki Chan | 7/PHAMANA(N)245339 | |
| ၆၆ | GREAT H L FAMILY TRADING COMPANY LIMITED | U Hein Latt | 14/MAAHNA(N)003132 | NO. 3/79, BOGYOKE AUNG SAN ST, (3) QUARTER, HLAING THARYAR E, YANGON REGION |
| ၆၇ | GREAT JOY COMPANY LIMITED. | Daw Su Su Aye | 11/TAKANA(N)107486 | 34-STREET, UPPER BLOCK, NO. 177, 5TH FLOOR, SHWE OU DAWN MIN CONDO, KYAUKTATAR TOWNSHIP, YANGON REGION |
| ၆၈ | GREAT MOUNT SILVER TRADING COMPANY LIMITED. | U Zaw Min Tun | 12/AHSANA(N)158100 | NO.94, 37 TH STREET (MIDDLE), GROUND FLOOR, 5 WARD, KYAUKTADA TOWNSHIP, YANGON REGION |
| ၆၉ | GREAT ZION INTERNATIONAL COMPANY LIMITED | Daw April Lwone @ Twal Yar | 1/MANGANA(N)079277 | 6TH STREET, NO. (95), LAN MATAW TOWNSHIP, YANGON REGION |
| | | Daw Wendy Chen | 12/BAHANA(N)113620 | |
| | | U Than Naing Aye | 12/LATHANA(N)006234 | |
| ၇၀ | GREEN WORLD SPN TRADING COMPANY LIMITED | Ma Khin Aye Lwin | 12/BATAHTA(N)046045 | 122TH STREET, NO.(46), GROUNG FLOOR, MINGALATAUNGNYUNT TOWNSHIP, YANGON REGION |
| | | U Maung Maung Tin | 12/OUKATA(N)212990 | |
| ၇၁ | GWAN SENT HEIN CO., LTD. | Daw Nan Htwe Hom | 13/THANANA(N)027915 | LASHIO MUSE NATIONAL MAIN ROAD, HO TA VILLAGE, THEIN NI, SHAN STATE |
| | | Daw Nang Ying Noom Phaung | 13/THANANA(N)028323 | |
| | | U Sai Aung Kyaw Lin | 13/THANANA(N)026486 | |
| | | U Sai Myo Min Aye | 13/THANANA(N)027913 | |
| | | U Sai Ohm Sar | 13/THANANA(N)041327 | |
| | | U Sai Tun Kyi | 13/THANANA(N)039235 | |
| ၇၂ | HAIZHIYUAN AQUATIC PRODUCTS (YANGON) COMPANY LIMITED. | Mr. Huang Siwei | EJ2805214 | CORNER OF MINGYI MAHAR MIN KHAUNG & U TUN NYO STREET, NO. 141, DAGON MYOTHIT (SEIKKAN) INDUSTRIAL (2), YANGON REGION |
| | | Ms. Zeng Guixiang | EJ2823493 | |
| ၇၃ | HEALTHY GURU MYANMAR COMPANY LIMITED. | Daw Su Zin Phyo | 14/PASALA(N)077267 | WAILUWON STREET, NO. 430, KON TA LA PAUNG VILLAGE, MINGALADON TOWNSHIP, YANGON REGION |
| ၇၄ | HEBRON PYAE SONE COMPANY LIMITED | U Sai San Nyunt | 13/THAPANA(N)047817 | (105) MILE, MINE YU VILLAGE, MUSE, SHAN STATE |
| ၇၅ | HEIN HTET WAHLAR COMPANY LIMITED. | Daw May Thu Aung | 13/MAHSATA(N)063569 | NO.(KA/11), NAL MAY(1), YWAR MA, 105 MILE, MUSE TOWNSHIP, SHAN STATE |
| | | Daw Zin Mar Htwe | 13/MAHSATA(N)063090 | |
| ၇၆ | HN MYANMAR INTERNATIONAL TRADING COMPANY LIMITED. | Daw Htar Htar Mon | 12/MAGADA(N)129929 | NO-11-13, 55TH STREET LOWER BLOCK, 4, BOTAHTAUNG, YANGON REGION |
| | | Mr. JASKARANSINGH RAVINESHSINGH KHOKHER | T9695378 | |
| | | Ma Ngu Wah Lwin Oo | 7/AHPHANA(N)094387 | |
| | | Mrs. HARVINDERKAUR RAVINESH SINGH KHOKHER | Z6372280 | |
| ၇၇ | HNIN HAY MARN COMPANY LIMITED | U Min Naing Oo | 7/PHAMANA(N)110059 | NO. 30, MYAWADDY ASIA ROAD, THIN GAN NYI NAUNG, YWAR THIT VILLAGE, MYAWADDY, KAYIN STATE |
| ၇၈ | HONGBO TELECOMMUNICATION (MYANMAR) COMPANY LIMITED. | Mr. Jiao Yangguo | E67412549 | THAN CHAT WON U NYUNT STREET, NO(42), EAST DAGON INDUSTRIAL ZONE, EAST DAGON TOWNSHIP, YANGON REGION |
| ၇၉ | HTAY KAUNG TRADING COMPANY LIMITED. | U Tun Tun Soe | 5/WALANA(N)139701 | BUILDING NO.G-30, SWEI TAW APARTMENT BLOCK, 67 STREET, AMARAURA TOWNSHIP, MANDALAY REGION |
| ၈၀ | HTAY LINN HTIKE TRADING COMPANY LIMITED. | U Htwe Win | 13/NAMATA(N)005291 | NO. (B/87), MAIN ROAD, MUSE TOWNSHIP, SHAN STATE |
| ၈၁ | HTET MYET KYAW COMPANY LIMITED | U Hlwan Moe Naing | 14/WAKHAMA(N)182777 | BUILDING (H), ROOM (4), YUZANA GARDEN CITY HOUSING, DAGON SEIKKAN TOWNSHIP, YANGON REGION |
| | | U Tin Ko Myint | 14/MAAHPA(N)178938 | |
| ၈၂ | HTOO TRADING CO., LTD. | U Moe Thet Tin | 12/TAMANA(N)036621 | PYAY ROAD, NO(523), (8) QUARTER, KAMARYUT TOWNSHIP, YANGON REGION |
| | | U Tay Za | 12/KAMAYA(N)028090 | |
| | | U Thi Ha | 12/MAYAKA(N)112865 | |
| | | U Yarzar Htwe | 9/PABANA(N)125768 | |
| | | U Pyae Phyo Tay Za | 12/KAMAYA(N)054561 | |
| ၈၃ | HUA SU COMPANY LIMITED | U Tun Lin | 13/MANANA(N)037375 | INDUSTRY (2) STREET, NO.(95/96), MYAUNGTAGAR INDUSTRIAL, HMAWBI TOWNSHIP, YANGON REGION |
| ၈၄ | HUA YUAN METAL PRODUCT (MYANMAR) COMPANY LIMITED | U Tin Win | 12/AHSANA(N)134138 | SURVEY BLOCK NO(144), EAST DAGON INDUSTRIAL ZONE PART (2), DAGON TAUNG EXTENSION SMALL INDUSTRIAL, PLOT NO(113), DAGON MYOTHIT (SOUTH) TOWNSHIP, YANGON REGION |

*စာမျက်နှာ ၁၆ သို့*

စာမျက်နှာ ၁၅ မှ

| | | | | |
|---|---|---|---|---|
| ၈၅ | HZAIILAM MAO TRADING COMPANY LIMITED | U Aike Tu @ Naw Kham | 13/THAPANA(N)832321 | PANNYU VILLAGE, PANMATE VILLAGE GROUP, HISPAW TOWNSHIP, SHAN STATE |
| | | Daw Nan Aye Thein | 13/THAPANA(N)061064 | |
| | | U Sai Thiha Nge | 13/THAPANA(N)066336 | |
| ၈၆ | IMMORTAL GLORY TRADING COMPANY LIMITED. | Daw Su Myat Phyu | 12/OUKAMA(N)205023 | DHAMATHUKHA STREET, NO.22, WAIBARGI (7) WARD, NORTH OKKALAPA TOWNSHIP, YANGON REGION |
| | | U Thu Yain Tun Aung | 12/MAGADA(N)144287 | |
| | | U Tun Aung | 12/MAGADA(N)080164 | |
| ၈၇ | INDO-CHINA EXPRESS MYANMAR COMPANY LIMITED | Daw May Me Phyo | 12/BAHANA(N)093830 | CHIT KYI YAE ROAD, NO.(4), THAN TA TAR HTATE QUARTER, MYAWADDY CITY, KAYIN STATE |
| | | Daw Saw Thandar Kyaw | 11/MAPATA(N)073978 | |
| | | U Yan Naing Lin | 3/MAWATA(N)015497 | |
| ၈၈ | ITD CEMENTATION INDIA LTD (MYANMAR BRANCH) | Mr. Rahul Neogi | P6545741 | LETWEIMINDIN STREET, BUILDING NO. 863, ROOM NO. 31, 4TH FLOOR, MYITTANYUNT YARD, TARMWE TOWNSHIP, YANGON REGION |
| | | Mr. Deba Prasad Roy | M1630972 | |
| | | Mr. Jayanta Basu | Z6761954 | |
| | | Mr. Pankaj Inderchand Jain | Z4897349 | |
| | | Mr. Piyachai Karnasuta | AB3660192 | |
| | | Mr. Santi Jongkongka | AB4496274 | |
| | | Mr. Soumitra Ghosh | Z6545375 | |
| | | Mr. Sunil Shah Singh | M7023757 | |
| | | Mrs. Ramola Mahajani | Z2678999 | |
| ၈၉ | JENSON COMPANY LIMITED | Daw April YuYa Kyaw | 9/MAKHANA(N)216296 | NO (B1-9), MALIKHA HOUSING, THINGANGYUN TOWNSHIP, YANGON REGION |
| | | Daw Aye Thandar Aung @ Yan Kyar Taung | 13/LAKANA(N)006380 | |
| | | Daw Nay Chi Lin Latt | 13/LAYANA(N)208045 | |
| ၉၀ | K T C T CONSULTANT & TRADE COMPANY LIMITED. | U Wai Phyo Aung | 8/TATAKA(N)148848 | NO. 280, DAY WUN (EAST) QUARTER, MAHAR AUNG MYAY TOWNSHIP, MANDALAY REGION |
| | | U Win Naing Oo | 12/AHSANA(N)158151 | |
| ၉၁ | K.J.A.P CO., LTD. | U Aung Than | 12/KATATA(N)018938 | (41) STREET, NO (57), (7) WARD, BOTAHTAUNG TOWNSHIP, YANGON REGION |
| | | Daw Hla Hla Tin | 12/BATAHTA(N)029116 | |
| | | U Khin Maung Aye | 12/BATAHTA(PYU)000187 | |
| | | U Khin Maung Myint @ Mohamed Nasir Khan | 12/BATAHTA(PYU)000069 | |
| | | U Nyan Lin Aung | 12/BATAHTA(PYU)000189 | |
| | | Daw Yin Lin Thu | 12/BATAHTA(PYU)000190 | |
| ၉၂ | KAN HTOO PYAE COMPANY LIMITED | Daw Khaing Nway Zin | 13/NAMATA(N)052897 | MUSE (105), SMALL VEHICLE, NEAR TRADE FAIR, MUSE TOWNSHIP, SHAN STATE |
| ၉၃ | KAUNG HTET TUN COMPANY LIMITED | U Chit Mowe | 7/DAOUNA(N)229230 | MYIT TAR 4 STREET, NO.4, MYAWADDY, KAYIN STATE |
| ၉၄ | KAUNG KYAWZAWLTHAR COMPANY LIMITED | U Kyaw Tun Latt | 8/PAKHAKA(N)151428 | BA YINT NAUNG STREET, DANYINGONE WARD, NO.(7/204), INSEIN TOWNSHIP, YANGON REGION |
| | | Daw Nyo Nyo Myint | 12/OUKAMA(N)000183 | |
| | | Ms. Pooja Nemani | Z3634032 | |
| ၉၅ | KAUNG MYAT THAW THAW COMPANY LIMITED. | U Kaung Si Thu | 9/PAMANA(N)142740 | AUNGMINGALAR(1) STREET, (YA-6/87), YAN AUNG (1) QUARTER, PYINMANA TOWNSHIP, NAYPYITAW |
| ၉၆ | KEVIN MARINE COMPANY LIMITED | U Aung Htet | 12/DAGAHSA(N)007945 | NO.(88), NANTHAR STREET, AHLONE TOWNSHIP, YANGON REGION |
| ၉၇ | KHANT MIN BO BO COMPANY LIMITED | Daw Poe Ei Mon | 7/NYALAPA(N)170306 | NO.(33-35), 9TH FLOOR, 54TH STREET, (2) WARD, PAZUNDAUNG TOWNSHIP, YANGON REGION |
| | | U Chit Maung | 12/MAGATA(N)003842 | |
| ၉၈ | KHIN GROUP COMPANY LIMITED | Daw Khin Sandar Aung | 9/MANAMA(N)098645 | SHWE TA SOAT STREET, NO.(189/59), (B-2), (2) QUARTER, MAYANGONE TOWNSHIP, YANGON REGION |
| | | U Khaing Htoo | 14/LAMANA(N)083291 | |
| | | U Tun Win | 11/AHMANA(N)106389 | |
| ၉၉ | KHIT THIT THAR COMPANY LIMITED | Daw Khin Hnin Aye | 12/LAMATA(N)013629 | BOTATAUNG ZAY ROAD, ROOM NO. 704(A), BOTATAUNG TOWNSHIP, YANGON REGION |
| ၁၀၀ | King Latyar Co., Ltd | U Htun Htun Naing | 14/LAPATA(N)114043 | KA(2) ROAD, NO.70(A), MYO THIT (A+B) QUARTER, INSEIN TOWNSHIP, YANGON REGION |
| | | Daw Myat Su Mon Aung | 12/BAHANA(N)100189 | |
| ၁၀၁ | KINGDOM HAIR COMPANY LIMITED. | Daw Hla Hla Tint | 9/MALANA(N)109082 | YANGON-MANDALAY OLD ROAD, AKARIK KONE VILLAGE GROUP, PYAW BWE TOWNSHIP, MANDALAY REGION |
| ၁၀၂ | KOMAX MYANMAR COMPANY LIMITED | Daw Htet Htet Oo | 12/KAMAYA(N)061180 | NO. 617(B), PYAY ROAD, 5$^{1/2}$ MILES, KAMAYUT TOWNSHIP, YANGON REGION |
| | | Daw Thuzar Tin | 12/KAMAYA(N)012557 | |
| | | Mr. Miyoung Kang | M88048300 | |
| ၁၀၃ | KORIN COMPANY LIMITED. | Daw Ngwe Hnin Oo | 13/NYAYANA(N)062583 | THA LAE OO KONE THAR VILLAGE, THA LAE OO VILLAGE GROUP, NYAUNGSHWE, SHAN STATE |
| ၁၀၄ | KYEL SIN KHA COMPANY LIMITED. | U Aung Moe | 12/LAMANA(N)009853 | AUNG THEIKDI STREET, NO(40/KA), TA/15 WARD, SHWE PYI THAR TOWNSHIP, YANGON REGION |
| ၁၀၅ | KYODO TECHNO MYANMAR COMPANY LIMITED. | U San Htoo | 12/YAKANA(N)043654 | CORNER OF AUNG MYAY THAR SI STREET AND NAWARATT STREET, NO. 118, NAWARATT CONDO, ROOM NO. 10/A, WARD 1, KAMARYUT TOWNSHIP, YANGON REGION |
| | | Mr. Shunichiro Hoshi | TZ1333617 | |
| | | Mr. Tomizo Fukushi | TS0555546 | |
| | | Mr. Toshiyoshi Kuroda | TR5318654 | |
| | | Mr. Yoshio Anzawa | TR3134436 | |
| ၁၀၆ | LIGHTEN UP COMPANY LIMITED. | U Tin Tun Aung | 9/PAOULA(N)003092 | KYAIT KHOUK PHAYAR, NO.(15), THANYIN, YANGON REGION |
| ၁၀၇ | LIN AUNG PYAE COMPANY LIMITED | U Chit Mowe | 7/DAOUNA(N)229230 | MYIT TAR 4 STREET, NO.4, MYAWADDY, KAYIN STATE |
| ၁၀၈ | LINN YAUNG KYI COMPANY LIMITED | U Aung Naing Linn | 7/KATAKHA(N)082379 | SHWEYINNMAR STREET, NO.1, (2) WARD, MAYANGONE TOWNSHIP, YANGON REGION |
| | | U Pyae Phyo Min | 3/MAWATA(N)108350 | |
| ၁၀၉ | LONG HENG (MYANMAR) MANUFACTURING COMPANY LIMITED. | Mr. Hong Zhenmei | EH4770173 | MYAY TAING BLOCK NO. 144, PLOT NO. 5, SOUTH DAGON MYO THIT TOWNSHIP, YANGON REGION |
| | | Mr. Lin Shangzeng | G52498321 | |
| | | Mr. Lin Zhongman | E60974095 | |
| ၁၁၀ | LOTUS PADONMA COMPANY LIMITED | Daw Pan Hnin Ngone | 13/PALATA(PYU)000016 | KHA-167, CRISTIAN WARD, MUSE TOWNSHIP, SHAN STATE |
| | | U Myo Aung | 13/HSAHSANA(N)095295 | |
| ၁၁၁ | LWIN THURA SOE TRADING COMPANY LIMITED. | U Kyaw Min Tun | 13/YASANA(N)095209 | NO. (2), MAIN ROAD, YADANAR BON VILLAGE, YATSAUT TOWNSHIP, SHAN STATE |
| | | U Khin Maung Nyein | 8/NAMANA(N)166053 | |
| | | U Kyee Sein | 13/YASANA(N)030742 | |
| ၁၁၂ | M M M MYAWADDY COMPANY LIMITED | Daw Khin Than Maw | 14/WAKHAMA(N)145801 | NO(2), KYUN TAW STREET, NO(2) WARD, MYAWADDY TOWNSHIP, KAYIN STATE |
| ၁၁၃ | M TWO MYANMAR COMPANY LIMITED | U Khin Maung Myint | 9/MAHTALA(N)069172 | KAUNG KHAR STREET, 12 WARD NALMYAY 8, LARSHOW TOWNSHIP, SHAN STATE |
| ၁၁၄ | M.DAEYOUNG ELECTRONIC COMPANY LIMITED. | Mr. Sung Sungjae | M50434641 | PLOT NO. 20, MYAY TAING QUARTER, U PHOE HLAING STREET, DAGON SEIKKAN INDUSTRIAL ZONE (1), DAGON SEIKKAN, YANGON REGION |
| | | Mr. Sung Kyung Dong | M41363430 | |
| ၁၁၅ | ""MA LIN LIN"" COMPANY LIMITED | Daw Khin May Myint | 13/HSAHSANA(N)028433 | 59 STREET, BETWEEN 40 STREET & 41 STREET, MA-7/29, MAHAR AUNG MYAY, MANDALAY REGION |
| | | Daw Shwe Ywet | 13/HSAHSANA(N)043723 | |
| | | U Chit Thein | 13/HSAHSANA(N)043724 | |
| | | U Myo Aung | 13/HSAHSANA(N)095295 | |
| ၁၁၆ | MADI KYAW IMPORT-EXPORT AND TRANSPORTATION COMPANY LIMITED. | Daw Aye Aye Khing | 10/MALAMA(N)123217 | KHAYMARTHI ROAD, NO. (538), WORD (D), NORTH OKKALAPA TOWNSHIP, YANGON REGION |
| | | U Kyaw Min Htike | 12/THAKATA(N)020783 | |
| | | U Pyae Sone Kyaw | 12/MAYAKA(N)163467 | |
| | | Daw Su Yamin Htike | 12/THAKATA(N)203589 | |
| ၁၁၇ | MAHA NADI INTERNATIONAL COMPANY LIMITED | U Ye min Lwin | 12/BAHANA(N)098770 | EAST RACE COURSE ROAD, NO. 40, BLOCK (B), ROOM NO. 2/B, TAMWE T/S, YANGON REGION |
| ၁၁၈ | MAHAR GOLD YEAR LOGISTICS COMPANY LIMITED | Daw Su Mon Htwe | 12/OUKATA(N)189299 | MYITTAR STREET,NO.774, NO.13 QUARTER, YANGON REGION |

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

| | | | | |
|---|---|---|---|---|
| ၁၁၉ | MARUTI TRADELINK MYANMAR CO., LTD. | Daw Htar Htar Mon<br>Daw Yu Wah Lwin Oo | 12/MAGADA(N)129929<br>7/AHPHANA(N)091327 | (55)TH STREET, BUILDING NO.(11/13),GROUND FLOOR, LOWER BLOCK, BOTAHTAUNG TOWNSHIP, YANGON REGION |
| ၁၂၀ | Mawtin Co., Ltd | U Tin Shwe<br>U Hlaing Win Tun | 12/MAGATA(N)023798<br>12/MAGATA(N)100340 | MYAY NYI(89)STREET, NO.(47), KAN/WEST WARD, MINGALAR TAUNG NYUNT TOWNSHIP, YANGON REGION |
| ၁၂၁ | MDY ALUMINUM INDUSTRY COMPANY LIMITED | Mr. LI. YINGYING<br>U Khin Maung Aye | E46569259<br>9/MANATA(AEI)000002 | LANE (4) ST, PAEPOATSI ST, No.(SA/16), RUBY QUARTER, SAGAING TOWNSHIP, SAGAING REGION |
| ၁၂၂ | ME & MY BROTHERS LIMITED | U Aung Ko Phyo<br>U Yar Zar Phyo | 11/THATANA(N)072887<br>12/OUKAMA(N)261343 | HLEDAN STREET, HLEDAN MARKET BUS STOP, NO.26, 8 WARD, 5TH FLOOR, ROOM-5A,KAMAYUT TOWNSHIP, YANGON REGION |
| ၁၂၃ | Mega 73 Co., Ltd | U Aung Zaw Htoo<br>U Myo Thant | 5/MAKANA(N)079588<br>5/SALAKA(N)000676 | NO(75), MINGALAR QUARTER, SALIN GYI TOWNSHIP, SAGAING REGION |
| ၁၂၄ | Mega 75 Co., Ltd | U Aung Zaw Htoo | 5/MAKANA(N)079588 | NO(75), MINGALAR QUARTER, SALIN GYI TOWNSHIP, SAGAING REGION |
| ၁၂၅ | MIN THIT KABAR COMPANY LIMITED | U Tun Zaw Aung | 13/MASATA(N)071718 | PANG HSENG (KYUGOKE) CITY, NO(7), MUSE TOWNSHIP, SHAN STATE |
| ၁၂၆ | MITUMAN COMPANY LIMITED. | Daw Khaing Su Han<br>Mr. Choi Kyung Soo | 7/THANAPA(N)126080<br>M 01461645 | NO(403/B-3), BO MIN YOUNG HOUSING, 42 BLOCK, NORTH DAGON TOWNSHIP, YANGON REGION |
| ၁၂၇ | MOE MYINT YAN COMPANY LIMITED. | Daw War War Tun<br>Daw Naw Roser<br>U A Druck<br>U Moe Myint | 8/YANAKHA(N)077576<br>13/THAPANA(N)039433<br>2/DAMANA(N)008556<br>12/LAMANA(N)136293 | THIRI MYAING (3) STREET, NO.(6-A), GROUND FlOOR, NO.(13) QUARTER, HLAING TOWNSHIP, YANGON REGION |
| ၁၂၈ | MOTHER OF DREAM (NPW) COMPANY LIMITED. | U Nyein Chan Ko | 6/KASANA(N)139740 | (45) STREET, NO(50/B), NAWADAY HOUSING, HLAING THARYAR TOWNSHIP, YANGON REGION |
| ၁၂၉ | MOVING SUN COMPANY LTD | U Aung Myo | 12/TAMANA(N)091074 | NO17, 147 STREET, TAMAWE TOWNSHIP, YANGON REGION |
| ၁၃၀ | Mr.Mini Machinery Co., Ltd | U Aung Zaw Htoo | 5/MAKANA(N)079588 | TA TA-40, U PAING 10, (SA) QUARTER, 51 (C) STREET, BETWEEN 124TH AND 125TH STREET, PYI GYI TA GON TOWNSHIP, MANDALAY REGION |
| ၁၃၁ | MYANMA MYAY PYANT THAR TRADING COMPANY LIMITED | U Zaw Moe | 5/BATALA(N)078134 | ROOM (B-1, B-2), 105 MILES, NAMTU QUARTER, MUSE TOWNSHIP, SHAN STATE |
| ၁၃၂ | MYANMAR BIMETAL COMPANY LIMITED. | U Myo Min Oo | 12/THAGAKA(N)190655 | THAZIN (1) STREET, NO(751), (15) WARD, DAGON MYOTHIT (EAST) TOWNSHIP, YANGON REGION |
| ၁၃၃ | MYANMAR DAN NI YA TRADING COMPANY LIMITED | Daw Khin Shwe<br>U MG MG DI | 13/LAYANA(N)119211<br>13/LAYANA(N)107964 | MAW KHAN STREET, NO-69, WARD(7), QUARTER, NO-12/ LASHIO, SHAN STATE |
| ၁၃၄ | MYANMAR FU HAO AGRICULTURAL GROUP COMPANY LIMITED. | U Lu Shin Yaw<br>U Myint Myat Naing<br>U Sai Hla Khaing<br>Daw Sone Yee @ Khin Nwet Yee | 13/KAKHANA(N)116997<br>13/KALANA(N)132666<br>13/NAKANA(N)064887<br>13/NAKANA(N)033707 | WAR YONE PIN VILLAGE, U PAING (84/1), HEHO TOWNSHIP, SHAN STATE |
| ၁၃၅ | MYANMAR K & M TRADING & LOGISTIC SERVICE COMPANY LIMITED. | U Aung Aung | 12/LAMANA(N)136446 | HANTHARWADDY STREET, NO. (16/24), (KA) WARD, PYI GYI TAGON TOWNSHIP, MANDALAY REGION |
| ၁၃၆ | MYANMAR MINGXINPACKING MATERIAL COMPANY LIMITED | Daw Moe Moe Aye<br>Mr. Zhao Shougong | 13/LAYANA(N)185028<br>E42282105 | SAW YOON STREET, NO. 20/403, KYANSITMIN HOUSING PART (2), NO. 8 QUARTER, HLAINGTHARYAR TOWNSHIP (EAST), YANGON REGION |
| ၁၃၇ | MYANMAR SAFETY INDUSTRIAL COMPANY LIMITED | Mr. HWANG DONGWEON | M59912384 | LATWE THONDARA U MYAT SAN STREET, NO. 129, YWAR THAR GYI INDUSTRIAL ZONE, SOUTH DAGON TOWNSHIP, YANGON REGION |
| ၁၃၈ | MYANMAR SHUNDA MEDICINAL MATERIALS COMPANY LIMITED | Daw Khin Than Win<br>U Nyan Lin Tun | 13/MASATA(N)059831<br>9/KHAAHZA(N)016538 | (35/B)ST, BET(80*81)ST, NO.(505/2), MAHARAUNGMYAY TOWNSHIP, MANDALAY REGION |
| ၁၃၉ | MYANMAR THEIN CO., LTD. | U Aung Min Thein<br>Mr Hanumanthu Siva Krishna Indeevar<br>Daw Ka La Wa Thi<br>U Maung Thein | 12/MAGATA(N)096803<br>R3125531<br>10/MALAMA(N)151926<br>12/MAGATA(N)043396 | BO AUNG KYAW STREET, NO.141/145, ROOM NO.9/B, 9TH FLOOR, UNITED CONDO, KYAUKTADA TOWNSHIP, YANGON REGION |
| ၁၄၀ | MYANMAR TREASURE SEA COMPANY LIMITED | U Kyaw Sann Oo | 14/MAAHNA(N)180756 | NO.(768), NGALONELEPHEL STREET, 8-QUARTER, NORTH DAGON TOWNSHIP, YANGON REGION |
| ၁၄၁ | MYANMAR WAI FUNG AGRICULTURE COMPANY LIMITED. | Sai Win Maung | 13/MAKAHTA(N)001168 | NO.(12) GTU STREET, AYE MYA KYILIN QRT, NEAR AYE MYA KYILIN MARKET, KYAUKSE TOWNSHIP, MANADALAY REGION |
| ၁၄၂ | MYAT KYAW KYAW COMPANY LIMITED. | U Kyaw Than | 9/PAMANA(N)088116 | NO.1/133, SEPIN STREET, TAUNG THAR QUARTER, PYINMANA TOWNSHIP, NAYPYITAW |
| ၁၄၃ | MYAWADDY WHITE ELEPHANT COMPANY LIMITED. | Daw Hay Mar Phyo<br>U Phyo Thet Kyaw | 6/KATHANA(N)043591<br>12/OUKATA(N)166073 | PADAUK STREET, NO.(3) QUARTER, MYAWADDY TOWNSHIP, KAYIN |
| ၁၄၄ | MYINT MYAT MYINT MOH GROUP COMPANY LIMITED. | Daw Tin Moe Hla<br>U Peter Mg Mg Thwin<br>U Than Tun Aung<br>U Ye Min Kyaw | 12/YAPATA(N)027866<br>12/KATATA(N)032212<br>12/PAZATA(N)002231<br>10/THAHTANA(N)096504 | NO.280, DAY WUN (EAST) QUARTER, MAHAR AUNG MYAY TOWNSHIP, MANADALAY REGION |
| ၁၄၅ | MYSICO CONSTRUCTION & TRADING COMPANY LIMITED. | U Saw Rock Son<br>U Than Zaw Oo | 12/MABANA(N)083355<br>12/PAZATA(N)033367 | YANSHIN ROAD, BUILDING (24), ROOM 34, SHWE OHN PIN HOUSING (YANKIN PALM VILLAGE (2)), YANKIN TOWNSHIP, YANGON REGION |
| ၁၄၆ | Nan Lin Htut Co., Ltd | Daw Nan Ngu Wah<br>U Chan Myae Aung | 12/OUKATA(N)186001<br>14/AHMANA(N)117515 | DAYWADAHA (33) STREET, NO 1250, 3RD FLOOR, (13) WARD, SOUTH OKKALAPA TOWNSHIP, YANGON REGION |
| ၁၄၇ | NANO LAND COMPANY LIMITED. | Daw May Thwin Lay<br>Daw Yin May Thant<br>U Khin Maung Soe<br>U Soe Moe Thwin<br>U Thant Sin Soe | 13/KALANA(N)002074<br>13/MAPATA(N)031834<br>13/KALANA(N)014628<br>10/MALAMA(N)013288<br>13/MAPATA(N)031833 | NO.(A-1), ROOM (502), ZAW TI KA HOUSING ROAD, ZA/NORTH WARD, THINGANGYUN TOWNSHIP, YANGON REGION |
| ၁၄၈ | NATRON (MYANMAR) TRADING COMPANY LIMITED. | Daw Bout Jar<br>U Tin Ko Oo | 13/TAKANA(N)147499<br>8/PAMANA(N)002597 | THUMINGALAR ROAD, BETWEEN PARAMI ROAD & THITSAR ROAD, NO (993), SOUTH OKKALAPA TOWNSHIP, YANGON REGION |
| ၁၄၉ | Nay Alin Myanmar Co., Ltd | U Min Htet Aung | 12/MAGATA(N)114484 | NO(10/B), ANAWYAHTAR STREET, (14) QUARTER, YANKIN TOWNSHIP, YANGON REGION |
| ၁၅၀ | Nc Development Co., Ltd | U Nyein Chan | 14/THAPANA(N)108461 | NO(121), KAN NAR STREET, NO(1) QUARTER, THABAUNG TOWNSHIP, AYEYARWADDY REGION |
| ၁၅၁ | NEMOJI COMPANY LIMITED | Mr. Saikat Barua<br>Daw Tin Tin Khine | EA0979050<br>7/YATAYA(N)006368 | LAN THIT YEIKTHAR HOUSING, BUILDING 5/ ROOM 10/FIRST FLOOR, 11 QUARTER/ LANMADAW TOWNSHIP, YANGON REGION |
| ၁၅၂ | NEW EXPLODE COMPANY LIMITED. | Daw Tar Tar Swe | 7/AHPHANA(N)100761 | CORNER OF BO AUNG KYAW STREET AND KING WON MIN GYI STREET, PLOT NO.(8), SECTOR (4), HLAING THAR YAR TOWNSHIP, YANGON REGION |
| ၁၅၃ | NEW HORIZON GLOBAL COMPANY LIMITED | Ms. Chen, Jo-Yin<br>U Si Thu Win | 360076769<br>13/NASANA(N)097623 | 346/354, PYAY ROAD, 6002 SANCHAUNG TOWNSHIP, YANGON, YANGON REGION |
| ၁၅၄ | NEWTEK (MYANMAR) COMPANY LIMITED. | Mr. CHANG HUA-CHING<br>Mr. HAUNG CHENG-CHUNG | 309749082<br>307760788 | WARTAYAR INDUSTRIAL ZONE, PLOT NO.366, MYAY TAING BLOCK NO.49, SHWE PYI THAR TOWNSHIP, YANGON REGION |
| ၁၅၅ | Ngwe Daung Tharaphu Co., Ltd | Daw Kay Khaing Winn | 7/DAOUNA(N)129459 | NO.(728), PYI HTAUNG SU STREET, (37) WARD, EAST DAGON TOWNSHIP, YANGON REGION |
| ၁၅၆ | NGWE TINN PYIT TRADING CO., LTD. | U Aung Aung | 11/SATANA(N)053866 | SHWE THAR ROAD, ROOM NO.(D-1), MUNICIPAL, HOUSING AVENUE, KYAE BIN GYI WARD/SITTWE TOWNSHIP, RAKHINE STATE |
| ၁၅၇ | NITHI COMPANY LIMITED | Daw Thin Thin Mar<br>U Kyaw Moe Aung | 7/DAOUNA(N)210274<br>12/DAGAMA(N)041475 | (#11-05 & #11-06, 11TH FLOOR, M TOWER, PYAY ROAD , NO.527, 8 WARD, KAMARYUT TOWNSHIP, YANGON REGION |
| ၁၅၈ | NWAY OAK AWW COMPANY LIMITED. | Daw San San Htay | 13/NAMATA(N)008236 | NO.(3/120), SHWE NYAUNG PIN STREET, MAIYU (105) MILES VILLAGE GROUP, MUSE TOWNSHIP, SHAN STATE |
| ၁၅၉ | NYI NYI THAWE COMPANY LIMITED | U Thet Paing Nyein | 6/MAMANA(N)148402 | (38) STREET, NO.(40/B), SHWE KAN THARYAR HOUSING, HLAING THARYAR TOWNSHIP, YANGON REGION |
| ၁၆၀ | NYI NYI TUN MYINT COMPANY LIMITED | U Yan Lyan Sike | 13/MASATA(N)042271 | TAW WIN STREET, SHAN (NORTH), NO.(43), PANG HSENG CITY (KYU KOKE), MUSE TOWNSHIP, SHAN STATE |
| ၁၆၁ | NYUNT TA LU TRADING & SERVICES COMPANY LIMITED. | Daw Mary Nyunt | 12/KAMATA(N)056406 | THEIN GYI STREET, NO.17, FIRST FLOOR (A), OAEBO WARD, KYEEMYINDINE TOWNSHIP, YANGON REGION |

စာမျက်နှာ ၁၈ သို့

စာမျက်နှာ ၁၇ မှ

| | | | | |
|---|---|---|---|---|
| ၁၆၂ | P & S UNION GROUP LIMITED. | MR. ZHANG WEN | G 40499348 | MYA TAUNG WIN GYI U HMO STREET, LAND PLOT (396), SHWE LIN PAN INDUSTRIAL ZONE, YANGON REGION |
| | | MS. HUANG LIJUN | G 54808019 | |
| ၁၆၃ | P PRECIOUS MYANMAR LOGISTICS & SUPPLY CHAIN LIMITED | U Pyae Maung Maung | 12/DAGATA(N)048798 | BOGYOKE STREET, NO. (E/2), NO (1) QUARTER, MYAWADDY, KAYIN STATE |
| ၁၆၄ | PAING SAY THAR COMPANY LIMITED. | Daw Phyu Phyu Thwe | 9/AHMAZA(N)059298 | NO(54), MAHARMUNI OWE SI TAN, BETWEEN 81ST X 82ND STREET, 45 BOBAHTOO STREET, MAHARAUNGMYAY TOWNSHIP, YANGON REGION |
| | | Daw Ei Mon Oo | 7/WAMANA(N)110769 | |
| ၁၆၅ | Paw Pyae Chan Thar Co., Ltd | Daw Su Pyae Aung | 5/MAYANA(N)326900 | THAN LWIN STREET, NO.(27), SOUTH DAGON INDUSTRIAL ZONE, YANGON REGION |
| ၁၆၆ | PHONE PYAE ZAW TRADING COMPANY LIMITED. | Daw Aye Aye Than | 5/WALANA(N)107512 | SWAN SAW (3) STREET, NO. (280), MUSE TOWNSHIP, SHAN STATE |
| | | U Aung Thu | 8/AHLANA(N)118624 | |
| | | U Lin Han Kyaw | 9/PAOULA(N)013856 | |
| | | U Thein Ko | 9/PABANA(N)167988 | |
| | | U Yan Chin Chike | 13/NAMATA(N)040697 | |
| ၁၆၇ | PHYO & PYAE COMPANY LIMITED. | U Chit Chit Kyaw | 8/PAPHANA(N)090458 | MINE YU (105) MILE VILLAGE GROUP, NE MYAY (5), MUSE TOWNSHIP, SHAN STATE |
| ၁၆၈ | PHYO WAI AUNG COMPANY LIMITED. (ယခင်ကုမ္ပဏီ အမည်) @ PYYO WAI AUNG MYANMAR COMPANY LIMITED (ယခုကုမ္ပဏီအမည်) | U Phyo Wai Aung | 12/KAMANA(N)100524 | NO(39), ZAYLAY 3 STREET, ZAYLAY WARD, KYIMYINDAING TOWNSHIP, YANGON REGION |
| ၁၆၉ | PK EX MYANMAR COMPANY LIMITED | U Aung Htet Htet Kyaw | 12/DAGATA(N)082869 | MYAYNIGONE ZAY STREET, NO. 51, SANCHAUNG TOWNSHIP, YANGON REGION |
| | | Daw May Phyu Khin | 14/HATHATA(N)323248 | |
| | | Daw Phyo Zin Mar Wai | 14/HATHATA(N)221124 | |
| | | Daw Aye Nyien Chan | 8/THAYANA(N)046422 | |
| ၁၇၀ | PLATINUM PALACE COMPANY LIMITED. | U Zaw Htay Hlaing | 14/AHGAPA(N)048939 | NO.(22), MYA THIDAR STREET, BETWEEN (24X25)(63X64) STREET, MAHAR ZAYA BON WARD, AUNG MYAY THARZAN TOWNSHIP, MANDALAY REGION |
| ၁၇၁ | PLUMERIA TECH COMPANY LIMITED. | U Wai Lin Aung | 12/SAKHANA(N)056219 | AHWAI YAR STREET, NO. 6/B, 15 WARD, YANKIN TOWNSHIP, YANGON REGION |
| ၁၇၂ | POE CHI TRADING COMPANY LIMITED | Daw Than Aye | 12/KATANA(N)057334 | NAY KYAR/THARYARKONE STREET, ROOM (7-A), BUILDING (22), (2) QUARTER, PAZUNDAUNG TOWNSHIP, YANGON REGION |
| | | U Tun Shwe | 12/KATANA(N)057339 | |
| ၁၇၃ | PRECIOUS AMBER COMPANY LIMITED. | Daw Thet Htar Thein Aung | 8/MALANA(N)065134 | SWAL TAW CITY, ZAY KABAR HOUSING, BUILDING B, ROOM NO (411), MINGALARDONE TOWNSHIP, YANGON REGION |
| ၁၇၄ | PRECIOUS MYAWADDY LOGISTICS AND SUPPLY CHAIN LIMITED. | Daw Su Mon Htwe | 12/OUKATA(N)189299 | BOGYOKE STREET, NO. (E/2), NO (1) QUARTER, MYAWADDY, KAYIN STATE |
| ၁၇၅ | PRIME PACIFIC COMPANY LIMITED. | Daw Swe Swe Lin | 12/YAKANA(N)021466 | AUNG CHAN THAR STREET, NO.(A-1), #606, AUNG CHAN THAR CONDOMINIUM, (13) WARD, YANKIN TOWNSHIP, YANGON REGION |
| ၁၇၆ | PRO MYANMAR TRADING CO.,LTD. | Daw Nyein Pyae Sone Soe | 10/MALAMA(N)192223 | PATHEIN NYUNT 7TH STREET, NO.13, ROOM(4-A), MINGALAR TAUNG NYUNT TOWNSHIP, YANGON REGION |
| | | U Thet Tun | 12/OUKAMA(N)007867 | |
| ၁၇၇ | Pyae Sone Htet Co., Ltd | Daw Thin Marlar Aung | 7/MALANA(N)068274 | NO. 46(6F), 7TH STREET, 3RD QUARTER, LANMADAW TOWNSHIP, YANGON REGION |
| | | U Than Aye @ Hla Aye | 12/LAMATA(N)011420 | |
| | | U Zwe Htet @ Zay Lin Htet | 12/LAMATA(N)039067 | |
| ၁၇၈ | PYI THAR TUN TAUK COMPANY LIMITED | Daw Su Mon Htwe | 12/OUKATA(N)189299 | MYITTAR STREET,NO.774, 13 WARD, SOUTH OKKALAP TOWNSHIP , YANGON REGION |
| | | U Pyae Maung Maung | 12/DAGATA(N)048798 | |
| ၁၇၉ | RDM REAL DEVELOPMENT MYANMAR COMPANY LIMITED | U Thuta Win | 12/OUKAMA(N)109200 | U WISARA ROAD, NO.226, 2ND FLOOR, WIZAYA PLAZA, BAHAN TOWNSHIP, YANGON REGION |
| | | U Tin Nay Oo | 12/THAKATA(N)000709 | |
| ၁၈၀ | RJE MACHINERY AND LOGISTICS COMPANY LIMITED. | U Sai Nyi Nyi Soe | 12/BAHANA(N)091887 | PYAY ROAD, NO.234, LEVEL 6-7, CENTRAL 9 OFFICE TOWER, MAYANGONE TOWNSHIP, YANGON REGION |
| | | U La Min Win | 2/LAKANA(N)054681 | |
| ၁၈၁ | RO MAI ZAR COMPANY LIMITED. | U Thet Paing Nyein | 6/MAMANA(N)148402 | THAN MA SAKE TA STREET, NO 69, YAR PYAE QUARTER, MYEIK TOWNSHIP, TANINTHARYI REGION |
| ၁၈၂ | ROYAL ALAR FAMILY COMPANY LIMITED. | Daw Ei Ei Khaing | 6/KASANA(N)110444 | BLOCK-34, (B) STREET, NAWADAY HOUSING, HLAING THAR YAR TOWNSHIP, YANGON REGION |
| | | U Kyaw Htwe | 6/KASANA(N)149719 | |
| ၁၈၃ | ROYAL ALAR NAY PYI TAW COMPANY LIMITED. | U Wana Oo | 6/KASANA(N)111611 | (63) STREET, NO.(23/B), NAWADAY HOUSING, HLAING THARYAR TOWNSHIP, YANGON REGION |
| ၁၈၄ | ROYAL CROWN SUPPLY CHAIN COMPANY LIMITED. | Daw Hsu Mon Htwe | 12/OUKATA(N)189299 | BO AUNG KYAW ROAD, BETWEEN MERCHANT ROAD AND MAHARBANDOOLA ROAD, BULDING 170/176, ROOM NO (705) , 7TH FLOOR, M.G.W TOWER, BOTATAUNG TOWNSHIP, YANGON REGION |
| | | Daw Nilar Myint | 12/OUKATA(N)179206 | |
| ၁၈၅ | ROYAL HAYAAT COMPANY LIMITED | Daw Yune Wai Lwin | 9/RAMATHA(N)198729 | (16TH) STREET, NO.(681/B),1/ANAWMAR QUARTER, THARKAYTA TOWNSHIP, YANGON REGION |
| | | U Kawle Mulla Ali Hussein @ U Hla Myint | DGNMT-041706 | |
| | | U Zin Bo Khine | 9/YAMATHA(N)198730 | |
| ၁၈၆ | Royal K M Y Co., Ltd | Daw May Myat Nwe | 14/NGATHAKHA(N)025241 | THAYETCHAUNG GROUP, NGATHAINGGYAUNG TOWNSHIP, AYEYARWADDY REGION |
| ၁၈၇ | ROYAL MATT KYANN COMPANY LIMITED | U Aung Myo | 12/TAMANA(N)091074 | (147) STREET, NO.(17), TAMWE TOWNSHIP, YANGON REGION |
| ၁၈၈ | Royal Su Hlaing Co., Ltd | Daw Myint Myat Thu | 14/MAMANA(N)224815 | THEIN GYI STREET, NO.(78), SOUTH DAGON INDUSTRIAL ZONE, SOUTH DAGON TOWNSHIP, YANGON REGION |
| ၁၈၉ | S.D.B GENERAL TRADING COMPANY LIMITED. | U Abdul Rashid @ U Kyaw Kyaw Htwe | 12/PAZATA(AEI)000472 | ANAWRAHTA STREET, NO(75/80), ROOM NO.(8), PAZUNDAUNG TOWNSHIP, YANGON REGION |
| | | U Shahul Hameed | 12/PAZATA(AEI)000321 | |
| ၁၉၀ | Sai Min Aung Co., Ltd | U Sai Min Aung | 7/THAWATA(N)134093 | 23/D, NAWADAY STREET, ALALSU YWAR, HLAING THAR YAR TOWNSHIP, YANGON REGION |
| ၁၉၁ | SAI THANT ZIN COMPANY LIMITED. | Daw Aye Mya Khine | 13/MAHSATA(N)043411 | (105) MILES, BUILDING NO.(555), ROOM NO.(5), MUSE TOWNSHIP, SHAN STATE |
| | | U Kyaw Naing Oo | 13/NAMATA(N)043521 | |
| ၁၉၂ | SAN LIN HTIKE COMPANY LIMITED | U Aung Kyaw Min | 9/KAPATA(N)246351 | AUNG MYAY SHWE BON STREET(1), NO(4) QUARTER, MYAWADDY TOWNSHIP, KAYIN STATE |
| ၁၉၃ | SAN PYAE THAZIN COMPANY LIMITED. | Daw Si Si Naing | 12/MAYAKA(N)016393 | CHERRY STREET, NO. 128, 2 ND QUARTER, MAYANGONE TOWNSHIP, YANGON REGION |
| | | U San Naing | 12/MAYAKA(N)188867 | |
| ၁၉၄ | SAYDANARMOE COMPANY LIMITED | U Myo Thant | 5/SALAKA(N)000676 | SHWE TAGAR QUARTER, ALONE TAT TOWNSHIP, SAGAING REGION |
| ၁၉၅ | SCREEN FIELD ADVERTISING COMPANY LIMITED | Mr. GIHAN OUSHALAN KAPUDUWA KANKANAMAGE | N5381733 | KYAN SIT THAR MAIN ROAD, NO. 19/20, 168 WARD, DAGON SEIKKAN MYOTHIT TOWNSHIP, YANGON REGION |
| | | Ms. MEDHA AMARAJINI GUNATILAKE UDAGE ARACHCHIGE | N6919730 | |
| | | Mr. RUWAN SAMPATH SAHAJEEWA GABBALA RALALAGE | N2760566 | |
| | | Mr. SUKITHA SUDHARAKA WICKRAMABAHU SENARATH PARANAYAPA | N7170360 | |
| ၁၉၆ | SEA SEIN MYINT TRADING COMPANY LIMITED | U Min Min Swe | 9/NYAOUNA(N)091997 | 39 STREET, NO. 99, FLOOR 3RD, KYAUKTADA TOWNSHIP, YANGON REGION |
| | | U Sein Htay | 7/PHAMANA(N)036656 | |
| ၁၉၇ | SEIN KABAR (MWD) COMPANY LIMITED | U Zaw Thingyan | 5/WALANA(N)157074 | KAYINSU DAWNA AUNG MYAY, NO 83, NO 5 WARD, MYAWADDY TOWNSHIP, KAYIN STATE |

(ဆက်လက်ဖော်ပြပါမည်)

## မုဒုံမြို့၌ မီးဘေးသင့်အိမ်ထောင်စုအား ထောက်ပံ့

**မုဒုံ မေ ၄**

မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ(၁)ရပ်ကွက် တပင်ရွှေထီးလမ်း စာစင်အလယ်ပိုင်းတွင် မတ် ၃၀ ရက်က နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှ တစ်ဆင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ရာ ယမန်နေ့မွန်းလွဲပိုင်းက မီးဘေးသင့်အိမ်ထောင်စုအား ထောက်ပံ့ငွေများ ပေးအပ်သည်။



ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမင်းအောင်မြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့် တာဝန်ရှိသူများက မီးလောင်ဆုံးရှုံးသွားသည့် နေအိမ်မြေနေရာကို ကြည့်ရှု၍ မိသားစုဝင်များကို မီးဘေးသင့် ထောက်ပံ့ငွေကျပ်ခြောက်သိန်းကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**



## ရွှေကျင်မြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**ရွှေကျင် မေ ၄**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဂန့်ဂေါ်ဝိုင်းရပ်ကွက် အထက(ရွှေကျင်)ကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဲစုအောင်က နွေရာသီကျောင်းပိတ်ရက်တွင် အခြေခံအားကစားသင်တန်းများသို့ တက်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုခံရသူများနှင့် ပတ်သက်၍ လူကုန်ကူးမှုဖြစ်ပွားစေသော အဓိကအကြောင်းများ၊ လူကုန်ကူးသူများ အသုံးပြုသည့်နည်းလမ်းများ၊ လူကုန်ကူးခံရမှုဖြစ်စဉ်များ၊ လူကုန်ကူးမှုခံရသူများ၏ ခံစားရသည့်ဒုက္ခများ စသည့်အကြောင်းအရာများကို ဟောပြောပြီး အသိပညာပေးနံရံကပ်စာစောင်များ၊ သုတ၊ ရသ စာအုပ်စာစောင်များကို ပြသခဲ့သည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

## ဘိုကလေးမြို့နယ်၌ တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်သော စပါးမျိုးရွေးချယ်ပွဲ ကျင်းပ

**ဘိုကလေး မေ ၄**

ဧရာဝတီတိုင်းဒေသကြီးဘိုကလေးမြို့နယ် သာပေါင်းကျေးရွာအုပ်စု ကွင်းအမှတ် (၆၇၀) တောင်သူ ဦးစံသောင်း၏ လယ်မြေ၌ စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲနှင့် စိုက်ပျိုးပညာပေးရေးဌာနခွဲတို့ ပူးပေါင်းဆောင်ရွက်သည့် အပင်ဇီဝနည်းပညာဇဟိုဌာနမှ စမ်းသပ်ထုတ်လုပ်ထားသော သက်တမ်းဘေးကြား တောင်ပျံမျိုးလိုင်း(၄)လိုင်းကို ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီမှု ရှိ မရှိ စမ်းသပ်ထားသည့် မျိုးယှဉ်ပြိုင် စမ်းသပ်ကွက်၌ တောင်သူများ ကိုယ်တိုင် ပူးပေါင်းပါဝင်သည့် မျိုးရွေးချယ်ပွဲကို မေ ၂ ရက်က ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ညီညီထွဋ်နှင့် တာဝန်ရှိသူများက စမ်းသပ်ကွက် ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊ အခမ်းအနား တက်ရောက်ကြသူများ အားလုံး ပူးပေါင်း၍ စမ်းသပ်ထုတ်လုပ်ထားသော သက်တမ်းဘေးကြား တောင်ပျံမျိုးလိုင်း (၄) လိုင်း အောင်မြင်ဖြစ်ထွန်းမှု အခြေအနေကို ကြည့်ရှုလေ့လာသုံးသပ်၍ ကိုယ်တိုင်ပူးပေါင်းပါဝင်သည့် မျိုးရွေးချယ်ခြင်းလုပ်ငန်းစဉ်များကို အတူတကွပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



## ပုဇွန်တောင်မြို့နယ်၌ သောက်သုံးရေ အခမဲ့ရေပေးဝေ

**ပုဇွန်တောင် မေ ၄**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်၌ သောက်သုံးရေ အခက်အခဲဖြစ်လျက်ရှိသည့် ပြည်သူများအား ယမန်နေ့နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးအောင် ဦးဆောင်၍ အဖွဲ့ဝင် ဗိုလ်မှူးအောင်ကျော်လွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သန်းဌေးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးကြည်ဖေလင်းနှင့် တာဝန်ရှိသူများက မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ရေသယ်ယာဉ်ဖြင့် အမှတ်(၃) ရပ်ကွက် အောက်ပုဇွန်တောင်လမ်းရှိ အိမ်ခြေ ၁၀၀ အား ရေဂါလန် ၃၂၀၀ ကို ပေးဝေခဲ့ကြကြောင်း သိရသည်။

**ဟန်စုယဉ်**

## မအူပင်မြို့၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သည့် စပါးထုတ်လုပ်နိုင်ရေး စံပြကွက်ကွင်းသရုပ်ပြ

**မအူပင် မေ ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သည့် စပါးစိုက်ပျိုးထုတ်လုပ်နိုင်ရေး စံပြကွက် ကွင်းသရုပ်ပြပွဲနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သည့် စပါးစိုက်ပျိုးထုတ်လုပ်နိုင်ရေး အသိပညာပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ထနီဒေါင့်ကျေးရွာရှိ ကွင်းအမှတ် (၉၅၇) တောင်သူ ဦးစန်းမြင့်၏ နွေစပါးသီးနှံ ၁၀ ဧက စိုက်ခင်း၌ ဆောင်ရွက်သည်။



အဆိုပါစံပြကွက်ကွင်းသရုပ်ပြပွဲနှင့် အသိပညာပေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်လင်းနှင့် ပညာရှင်ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ စုစုပေါင်း ၇၂ ဦး တက်ရောက်ခဲ့ပြီး ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံးရေး၊ စိုက်ခင်းတွင် ပိုးမွှား၊ ရောဂါနှင့် ပေါင်းကျရောက်မှုများအား အမြဲမပြတ်ကြိုတင်ကင်းထောက်စစ်ဆေးခြင်း၊ ပိုးသတ်ဆေးဖျန်းပြီးနောက် သီးနှံရိတ်သိမ်း၊ ခူးဆွတ်ရန် စောင့်ဆိုင်း ရမည့်ကာလတို့ကို တိကျစွာလိုက်နာဆောင်ရွက်ရေး ပညာပေးကွင်းသရုပ်ပြခဲ့ကြပြီး နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။ ထို့နောက် သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးနှင့် ကျွမ်းကျင် ပညာရှင်များက ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး လိုက်နာဆောင်ရွက်ရမည့် နည်းပညာများကို ဆွေးနွေးပြောကြားသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



## မြောင်းမြမြို့၌ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် သရုပ်ပြလေ့ကျင့်

**မြောင်းမြ မေ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော တပ်ဖွဲ့ဝင်များက မြပဟေမာရပ်ကွက်၊ စက်မှုဇုန်ဝင်း Paddy Star ဆန်စက်၌ မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြသခြင်းများ ပြုလုပ်ခဲ့သည်။

**ဇေယျာ(မြောင်းမြ)**

## ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ ကျန်းမာရေးအသိပေးနှိုးဆော်ချက်

၂၀၂၄ ခုနှစ် ရိုးရာအတာသင်္ကြန်ပွဲတော်တွင် မိဘပြည်သူများ ကျန်းမာရေးနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြနိုင်ရေး အောက်ဖော်ပြပါ ကျန်းမာရေးအသိပေးချက်များကို သတိပြုလိုက်နာဆောင်ရွက်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အပူဒဏ်အန္တရာယ်မှကာကွယ်ရန်အတွက် နေ့လယ်ပိုင်း နေရောင်ပြင်းထန်ချိန်တွင် အရိပ်ရသည့်နေရာများတွင် နားနေပါ၊ အပြင်ထွက်ပါက (ထီး၊ ဦးထုပ် စသည်) တို့ကို အသုံးပြုပါ၊ ရေဓာတ်ခန်းခြောက်မှုမှ ကာကွယ်ရန် သန့်ရှင်းသည့်သောက်ရေကို မကြာခဏသောက်ပါ၊ အရက်သောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ် ပိုမိုပြင်းထန်စွာခံစားရနိုင်သည်ကို အထူးသတိပြုပါ၊

(ခ) ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများမှ ကြိုတင်ကာကွယ်ရန်အတွက် ရေကစားရာတွင် သန့်ရှင်းသောရေကိုသာ အသုံးပြုနိုင်ရေးဆောင်ရွက်ပါ၊ ရေကစားရာတွင် အသုံးပြုသောရေကို သောက်ခြင်းမပြုသင့်ပါ၊ ရေကစားရာတွင် မျက်လုံး၊ နား၊ ပါးစပ်ထဲသို့ ရေများမဝင်အောင် သတိပြုပါ၊ ဖိအားမြင့် အားပြင်းသည့်ရေပန်းဖြင့် မျက်နှာကို တိုက်ရိုက်ပက်ခြင်းမှ ရှောင်ကြဉ်ပါ၊

(ဂ) ထိခိုက်ဒဏ်ရာနှင့် မတော်တဆမှုများ ကာကွယ်ရန်အတွက် စိုစွတ်လျက်ရှိသော လမ်းများတွင် ချော်လဲနိုင်၍ သတိထားပါ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပါ၊ အရက်သေစာသောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းမှ လုံးဝရှောင်ကြဉ်ပါ၊

(ဃ) တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းမွန်ရန် လက်များကို မကြာခဏဆေးကြောပါ၊ လတ်ဆတ်ပြီး သန့်ရှင်းသော အစားအစာများကိုသာ စားသုံးပါ၊ အစားအသောက်ရောင်းချသူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး သတိပြု ဆောင်ရွက်ပါ၊ အစားအစာများကို ယင်နားခြင်းနှင့် အခြားအညစ်အကြေးများ မဝင်ရောက်နိုင်ရန် စနစ်တကျ ဖုံးအုပ်ပါ၊

(င) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း သို့မဟုတ် ပြည်သူ့ဆေးရုံသို့ အမြန်ဆက်သွယ်၍ ဆေးကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# လယ်ဝေးမြို့နယ်၌ မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဧပြီ ၄**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယမန်နေ့က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ရှမ်းစု(အရှေ့)ကျေးရွာ၌ တည်ရှိသော လောကသာမိစေတီတော် ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးအတွက် စေတီတော်ကြီး၏ဂေါပကအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ မှာကြားသည်။



ဆက်လက်၍ ညနေပိုင်းတွင် နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာတို့၏ နှစ်သစ်ကူးအခါသမယတွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က လယ်ဝေးမြို့နယ်အတွင်း မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်းကာ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများစုပေါင်း၍ အောင်မြင်စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း၊ မဟာသင်္ကြန်ဗဟိုမဏ္ဍပ် ဆောက်လုပ်ရေးကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး၊ စတုဒိသာမဏ္ဍပ်များ၊ သနပ်ခါးမဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်များ၊ ယိမ်းအဖွဲ့နှင့် ဖျော်ဖြေရေး ဆောင်ရွက်ထားရှိမှုများ၊ ပွဲတော်လုံခြုံရေးနှင့် ကျန်းမာရေးအတွက် ဆောင်ရွက်ထားရှိရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများက မိမိတို့ကော်မတီအလိုက် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများကို တင်ပြဆွေးနွေးရာ နေပြည်တော်ကောင်စီဝင်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့ သီရိရတနာဈေးအနီး မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်ဆောက်လုပ်မည့်နေရာသို့ ကွင်းဆင်းကြည့်ရှုကာ(**အပေါ်ပုံ**) သက်ဆိုင်ရာဌာနများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းသို့ နယ်လှည့်အသိပညာပေး

**ကြို့ပင်ကောက် ဧပြီ ၄**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ဘုကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းသို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက နယ်လှည့်အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

အဆိုပါယဉ်ကျေးလိမ္မာသင်တန်းသို့ တက်ရောက်နေကြသော သင်တန်းသား သင်တန်းသူ ၅၀ အား စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်း၊ လူငယ်ရေးရာအသိပညာပေး ဟောပြောခြင်းနှင့် နံရံကပ်စာစောင်များပြသခြင်း၊ ရုပ်ပုံစာအုပ်များဖြင့် ပုံပြောခြင်း၊ နယ်လှည့်စာကြည့်တိုက်သုံးဘီးယာဉ်ဖြင့် စာအုပ်များဖတ်ရှုစေခြင်းတို့ကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**



# အန္တရာယ်ဖြစ်နိုင်ခြေသိရှိသတိပြုခြင်း ဘေးကင်းစွာပြုမူနေထိုင်ခြင်းနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ကျောက်ကြီး ဧပြီ ၄**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ယနေ့ နံနက်ပိုင်းက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)တို့၏ ပံ့ပိုးမှုဖြင့် ကျောက်ကြီးမြို့ မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး ခြံဝင်းအတွင်းနှင့် မြို့မစည်ပင်သာယာဈေး အတွင်း၊ အပြင်တို့တွင် အန္တရာယ်ဖြစ်နိုင်ခြေ သိရှိသတိပြုခြင်း ဘေးကင်းစွာပြုမူနေထိုင်ခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပသည်။



အခမ်းအနားကို မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ မြို့နယ်တပ်ဖွဲ့မှူးတို့ ဦးဆောင်ပြီး ကျောက်ကြီးမြို့နယ် မြို့မစည်ပင်သာယာဈေး၌ မိုင်းအန္တရာယ်အကြောင်း သိကောင်းစရာလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ရုပ်ပုံစာအုပ်များ ဝေငှဖတ်ရှုစေခြင်းများ ဆောင်ရွက်ခြင်းနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး ခြံဝင်းအတွင်း၌ အန္တရာယ်ဖြစ်နိုင်ခြေ သိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာပြုမူနေထိုင်ခြင်း အသိပညာပေးအနေဖြင့် မြေမြှုပ်မိုင်း၊ လက်လုပ်မိုင်း၊ ကြိုးဆွဲမိုင်းများ၏ အန္တရာယ်ကြီးမားပုံများ၊ မိုင်းအန္တရာယ်သတိပေးထားရှိပုံများ၊ မိုင်းကိုတွေ့ရှိပါက ကြိုတင်ရှောင်ရှားပြီး သက်ဆိုင်ရာ တာဝန်ရှိသူများထံ သတင်းပို့ရန် ဗီနိုင်းပိုစတာများဖြင့် ပြသရှင်းလင်းပြောကြားပြီး မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက မိုင်းအန္တရာယ်အကြောင်း သိကောင်းစရာလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ရုပ်ပုံစာအုပ်များ ဝေငှဖတ်ရှုစေခြင်းများ ပြုလုပ်ခြင်း၊ ရှေးဦးပြုစုခြင်းနှင့် ဘေးအန္တရာယ်ကာကွယ်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို ခင်းကျင်းပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မင်းလှမြို့၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**မင်းလှ ဧပြီ ၄**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့်လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၆) ရပ်ကွက် မြို့လယ်ဓမ္မာရုံ၌ ပြုလုပ်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်း၏ ကြီးကြပ်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များနှင့် လိုက်နာဆောင်ရွက်ရန်အချက်များ၊ အရေးပေါ်ရှေးဦးပြုစုခြင်းအကြောင်းအရာများကို အသိပညာပေးဟောပြောပြီး ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်ကို ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြသည်။

**ပေါက်စ(မင်းလှ)**



# မိုင်းယောင်းမြို့၌ သင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မိုင်းယောင်း ဧပြီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။



လမ်းလျှောက်သင်္ကြန်၊ သနပ်ခါးသင်္ကြန်၊ ထမနဲသင်္ကြန်၊ လက်ဖက်သင်္ကြန်၊ ကော်ဖီသင်္ကြန်နှင့် ယိမ်းအကအဖွဲ့များ ကပြခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ပူဇော်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ ငါးလွှတ်ခြင်း စသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရနှင့်အညီ အလှူဒါနပြုလုပ်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် တာဝန်ရှိသူများက လမ်းလျှောက်သင်္ကြန် ကျင်းပမည့်နေရာနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြမည့် ယိမ်းအကအဖွဲ့များ အကလေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ဆိပ်ဖြူမြို့နယ်၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

**ဆိပ်ဖြူ ဧပြီ ၄**

ဆိပ်ဖြူမြို့နယ် အပူရှောင်စခန်း၌ သက်ကြီးအဘိုးအဘွားများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဒေသခံပြည်သူများ အပူဒဏ်အန္တရာယ်အသိပညာပေးခြင်းကို ယနေ့ နံနက်ပိုင်းက ဆောင် ရွက်သည်။

ဆိပ်ဖြူမြို့နယ် ရွှေမင်းဝန်သာသနာ့ဗိမာန်တွင် သက်ကြီးဘိုးဘွားများအတွက် အပူရှောင်စခန်းဖွင့်လှစ်ဆောင်ရွက်ထားရှိရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာကျော်ထက်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်း၊ အားဆေးများလှူဒါန်းခြင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက အချိုရည်နှင့် မုန့်များ လှူဒါန်းခဲ့သည်။ ထို့နောက် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ရတနာလမ်းတွင် ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအား အပူဒဏ်အန္တရာယ်ကာကွယ်ရေး ဆောင်ရန်/ရှောင်ရန် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ကိုဖွဲ့(အညာမြေ)**



# နိုင်ငံတစ်ဝန်း မြို့နယ်များ၌ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်

နေပြည်တော် မေ ၄

နိုင်ငံတစ်ဝန်း မြို့နယ်များ၌ သန့်ရှင်းသာယာလှပစေရေး၊ စိမ်းလန်းစိုပြည်စေရေးတို့အတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ယနေ့ နံနက်ပိုင်းက ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ဘုရားစေတီပုထိုးများ၊ လမ်းဘေးဝဲယာများ၌ အမှိုက်သရိုက်များ လှည်းကျင်းခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်း၊ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။


မုံရွာမြို့နယ်
တိုင်းဒေသကြီး(ပြန်/ဆက်)


မိုင်းပျဉ်းမြို့နယ်
နန်းသန္တာဦး(ပြန်/ဆက်)


ငွေဆောင်မြို့
ကျော်လင်းဦး(ပြန်/ဆက်)


မိုင်းခတ်မြို့နယ်
နန်းနွယ်နီ(ပြန်/ဆက်)


ကျိုက်ထိုမြို့နယ်
ပြည့်ဖြိုး(ပြန်/ဆက်)

## ထန်းတပင်မြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပနိုင်ရေး ယိမ်းအကအဖွဲ့များ ကြိုတင်လေ့ကျင့်

**ထန်းတပင် မေ ၄**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မြို့နယ်အဆင့် ဗဟိုရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်၊ စတုဒိသာအလှူများ၊ ယိမ်းအကအဖွဲ့အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။



ထန်းတပင်မြို့၏ ဗဟိုရေကစားမဏ္ဍပ်ကို အောင်သုခရပ်ကွက်ရှိ လွတ်လပ်ရေးပန်းခြံအနီး၌ တည်ဆောက်မည်ဖြစ်ပြီး သင်္ကြန်ပွဲတော်ရက်များတွင် နေ့စဉ်ဌာနများနှင့် ရပ်ကွက်များမှ ယိမ်းအဖွဲ့များ၏ ဖျော်ဖြေရေး အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပါဝင်ဖျော်ဖြေကြမည့် ယိမ်းအဖွဲ့များကလည်း မိမိတို့၏ ဌာနများနှင့် ရပ်ကွက်များအလိုက် သတ်မှတ်နေရာများ၌ ကြိုတင်ပြင်ဆင် လေ့ကျင့်လျက်ရှိသည်။

ထန်းတပင်မြို့နယ်တွင် ယခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ရေကစားမဏ္ဍပ်များနှင့် လမ်းလျှောက်သင်္ကြန်ပွဲ၊ ရိုးရာသင်္ကြန်ယိမ်းအကများ၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် သက်ကြီးပူဇော်ပွဲ၊ ဇီဝိတဒါနငါးလွှတ်ပွဲတို့ဖြင့် မေ ၁၃ ရက်မှ ၁၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ပခုက္ကူ မေ ၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အတာသင်္ကြန်ပွဲတော်ကို ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ စီးပွားရေးနှင့်လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ဗဟိုမဏ္ဍပ်ကြီးတစ်ခု၊ လမ်းလျှောက်ရေကစားမဏ္ဍပ် ၁၅ ခု၊ စတုဒိသာမဏ္ဍပ် ၁၆ ခုတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဌာနဆိုင်ရာများနှင့် ရပ်ကွက်အလိုက် ဖျော်ဖြေရေးယိမ်းအဖွဲ့ ၁၅ ဖွဲ့ရှိ လုပျိုဖြူများက မြန်မာ့ရိုးရာသင်္ကြန်တေးသီချင်း အကအလှများဖြင့် ဖျော်ဖြေတင်ဆက်နိုင်ရေး ယိမ်းအကများ ကြိုတင်လေ့ကျင့်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



## မြစ်သားမြို့နယ်၌ မီးဘေးအန္တရာယ် ကင်းရှင်းစေရေး ကွင်းဆင်းစစ်ဆေး



**မြစ်သား မေ ၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ မြစ်သားမြို့မဈေးနှင့် ကူမဲမြို့မစည်ပင်သာယာဈေးတို့၌ ယမန်နေ့က မီးဘေးအန္တရာယ်ကင်းဝေးစေရေး၊ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးတို့အတွက် ဈေးပိတ်ချိန်တွင် မီးကြွင်းမီးကျန်များ မကျန်ရှိစေရေး၊ လျှပ်စစ်မီးများ စနစ်တကျပိတ်ထားစေရေးနှင့် မီးဘေးလုံခြုံရေးတို့အတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော် ဦးဆောင်၍ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးတာဝန်ရှိသူများက ပူးပေါင်း၍ စည်ပင်သာယာဈေးများအတွင်း လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဝါဝါမြင့်(မြစ်သား)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရေနံချောင်းမြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အပူရှောင်စခန်းဖွင့်လှစ်

**ရေနံချောင်း မေ ၄**

မကွေးတိုင်းဒေသကြီးသည် ယခုရက်ပိုင်းအတွင်း ကမ္ဘာ့အပူဆုံးဒေသစာရင်းတွင် ပါဝင်နေသည့်အတွက် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ မိမိတို့နေအိမ်များတွင် နေထိုင်ရန်ခက်ခဲပြီး အပူဒဏ်ကိုတိမ်းရှောင်ရန် လိုအပ်သူများနှင့် သက်ကြီးဘိုးဘွားများ အပူရှောင်နားခိုနိုင်ရန်အတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု




ဦးစီးဌာနက မြို့မမြောက်ရပ်ကွက် သာသနာ့မဏ္ဍိုင် ဘုန်းတော်ကြီးကျောင်းဝင်းတွင် အပူရှောင်စခန်း ဖွင့်လှစ် ဆောင်ရွက်ထားရှိမှုကို ယမန်နေ့က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးသည်။

အပူရှောင်စခန်းကို မတ် ၁၆ ရက်ကစတင်၍ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားရာ ယခုရက်ပိုင်းအတွင်း အပူရှိန် တိုးလာသည့်အတွက် အပူရှောင်လာရောက်နားခိုသည့် အဘိုးအဘွား ၇၀ ခန့်ရှိကြောင်းနှင့် အပူရှောင်လာရောက်နားခိုသည့် လူဦးရေအနည်းအများပေါ်မူတည်ပြီး အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ အရန်နေရာသတ်မှတ်၍ ကြိုတင်စီမံဆောင်ရွက်ထားသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး၌ စာရင်းဇယားရေးသွင်းခြင်း သင်တန်းဖွင့်

**ပုသိမ် မေ ၄**

ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် စာရင်းဇယားရေးသွင်းခြင်း သင်တန်းဖွင့်ပွဲကို ယမန်နေ့က အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကြည်ကြည်ထွန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၈ ခရိုင်နှင့် မြို့နယ် ၂၆ မြို့နယ်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင် စုစုပေါင်း ၄၂ ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြ



တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အဖွဲ့ဝင် ဒေါ်နီနီဟန်က သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဒက္ခိဏခရိုင်၌ နွေရာသီအခြေခံအင်္ဂလိပ်သဒ္ဒါသင်တန်းနှင့် အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မေ ၄**

ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကို



အကျိုးရှိစွာအသုံးချနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် နွေရာသီအခြေခံအင်္ဂလိပ်သဒ္ဒါသင်တန်းနှင့် အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲကို ယမန်နေ့က ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဦးက အမှာစကားပြောကြားပြီး ပျဉ်းမနားခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒေါ်တူးတူးချိုက ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်း အမှာစကားပြောကြားသည်။ ယင်းနောက် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက သင်တန်းနည်းပြများအား ဂါရဝပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ အခြေခံအင်္ဂလိပ်သဒ္ဒါသင်တန်းနှင့် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းတွင် ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူ ၁၁ ဦးအား ဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ကြသည်။

**အောင်သူရဦး(ဒက္ခိဏ)**

## မန္တလေးမြို့၌ နွေရာသီအခြေခံဘောလုံး အားကစားသင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး မေ ၄**

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မန္တလေးဘောလုံးသမားဟောင်းများ အသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံဘောလုံးအားကစား သင်တန်းဆင်းပွဲကို ယမန်နေ့က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၁ လမ်း ဗထူးအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ မန္တလေးဘောလုံးသမားဟောင်းများအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း(စိန်နှင့်မြ)၊ မြန်မာ့လက်ရွေးစင်ဟောင်း ဦးပေါက်စီ၊ အသင်းအမှုဆောင်များ၊ သင်တန်းနည်းပြချုပ် ဦးအောင်ကျော်မိုး၊ သင်တန်းနည်းပြများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။



ဦးစွာ ဥက္ကဋ္ဌ ဦးဇော်ဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး လက်ရွေးစင်ဟောင်း ဦးပေါက်စီ၊ သင်တန်းနည်းပြချုပ် ဦးအောင်ကျော်မိုးနှင့် သင်တန်းနည်းပြများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**တင်မောင်-မန်း**

## အခမဲ့သုံးစွဲခွင့်ပြုပါရန် မူပိုင်ခွင့်ရှိသူများထံ မေတ္တာရပ်ခံပန်ကြားခြင်း

မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားပြီး ပျော်ရွှင်စွာဆင်နွှဲကြသည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလကို ယခင်နှစ်များနည်းတူ ၂၀၂၆ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ ဆင်နွှဲသွားမည်ဖြစ်ပါသည်။ ထိုသို့ဆင်နွှဲရာတွင် ဖျော်ဖြေမှုအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ / ဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် မဟာသင်္ကြန်တေးသီချင်းများကို ဖျော်ဖြေသီဆိုမှုများ၊ တင်ဆက်ကပြမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရကိုယ်စားပြုလုပ်သည့် မြို့တော်ဝန်မဏ္ဍပ်များနှင့် နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်နှင့် သက်ဆိုင်သောတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက အများပြည်သူသို့ အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူဖျော်ဖြေရေးအတွက် ရည်ရွယ်ဆောင်ရွက်သော အထက်ပါနေရာများ၌ သီဆိုဖျော်ဖြေခြင်း၊ ထုတ်လွှင့်ဖော်ပြခြင်းများတွင် ပါဝင်သည့် တေးသီချင်းများအား မေတ္တာဖြင့် အခမဲ့သုံးစွဲခွင့်ပြုနိုင်ပါရန် မူပိုင်ခွင့်ရှိသည့် ပညာရှင်ကြီးများကို လေးစားစွာမေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

ထိုသို့ အသုံးပြုခွင့်ပေးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်သည့် မူပိုင်ခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**



## စလင်းမြို့နယ်၌ သက်ကြီးအဘိုးအဘွားများ အပူရှောင်စခန်းများ ဖွင့်လှစ်

**စလင်း မေ ၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများအတွက် အပူရှောင်စခန်းဖွင့်လှစ်ခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မေ ၂ ရက်မှစတင်ကာ စလင်းမြို့နယ်ဈေးမရပ်ကွက် မြတ်ရတနာဓမ္မာရုံကြီးအတွင်းနှင့် ဆင်ဖြူကျွန်းမြို့ ဆည်းဆာဘိုးဘွားရိပ်သာ အမှတ်(၃)ရပ်ကွက်တို့၌ အပူရှောင်စခန်း ဖွင့်လှစ်ထားသည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော် ဦးဆောင်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ သက်ကြီးဘိုးဘွားများအတွက် အပူဒဏ်ကာကွယ်နိုင်စေရန် အပူရှောင်စခန်းများ ဖွင့်လှစ်ထားရှိပြီး စလင်းမြို့ဈေးမရပ်ကွက် မြတ်ရတနာဓမ္မာရုံကြီးအတွင်း၌ သက်ကြီးဘိုးဘွား ၂၀ နှင့် ဆင်ဖြူကျွန်းမြို့ ဆည်းဆာရိပ်သာ အမှတ်(၃)ရပ်ကွက်တို့၌ သက်ကြီးဘိုးဘွား ၅၇ ဦးတို့အား နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ နေထိုင်စေပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် နေ့လယ်စာ ထမင်းဟင်းများဖြင့် ကျွေးမွေးခြင်း၊ နေ့လယ်ပိုင်းတွင် အအေး၊ မြန်မာ့ရိုးရာလက်ဖက်သုပ်၊ ဆီးထန်းလျက်တို့ကို ကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

## ဖြူးမြို့နယ်၌ ပြည်သူများအား အပူဒဏ်နှင့်ပတ်သက်သည့် အသိပညာပေးဟောပြော

**ဖြူး မေ ၄**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ရာသီဥတုပူပြင်းလာသဖြင့် ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေး ရည်ရွယ်၍ ယမန်နေ့က မြို့နယ်ခန်းမ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနက အပူဒဏ်နှင့်ပတ်သက်သည့် အသိပညာပေး ဆောင်ရွက်သည်။

အသိပညာပေးရာတွင် မိခင်ကလေးကျန်းမာရေးဌာန ဝန်ထမ်းများက အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာရမည့်အချက်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက လိုက်နာရန်အချက်များ၊ အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ်ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## ချမ်းမြသာစည်မြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်နောက်ဆုံးစာမေးပွဲ ပထမကြီးတန်း ဖြေဆို

**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန် နောက်ဆုံးစာမေးပွဲ ပထမကြီးတန်းကို ယနေ့ မွန်းတည့် ၁၂ နာရီက အမှတ် (၃၄) အခြေခံပညာအထက်တန်းကျောင်းတွင် ဆက်လက်ဖြေဆိုသည်။



အဆိုပါ ပါဠိပထမပြန်အကြီးတန်းစာမေးပွဲတွင် စာဖြေသံဃာတော် ၄၈ ပါး ဖြေဆိုလျက်ရှိသည်။ စုစုပေါင်း ၆၃ ပါး စာရင်းရှိပြီး ၄၈ ပါး ဖြေဆို၍ ၁၅ ပါး ဖြေဆိုရန် ပျက်ကွက်ခဲ့သည်။ အစိုးရပါဠိပထမပြန် စာမေးပွဲကျင်းပရာသို့ မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ ဩဝါဒါစရိယဆရာတော်များ၊ မြို့နယ်စာမေးပွဲကြီးကြပ်ရေးဆရာတော်များနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ စာဖြေသံဃာတော်များ အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်းနှင့် အဖွဲ့ဝင်များပူးပေါင်း၍ အအေးနှင့် ရေသန့်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အလင်းသစ် (ချမ်း/စည်)**

## သရက်မြို့၌ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ကွင်းဆင်းဆောင်ရွက်

**သရက် မေ ၄**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်ဝင်းနှင့် ဝန်ထမ်းများက ယမန်နေ့က အမှတ်(၅)ရပ်ကွက်၌ အသက် ၁၀ နှစ်မှ ၁၈ နှစ်ကြား၊ အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို အမှတ်(၅)ရပ်ကွက်ရုံး၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဒက္ခိဏသီရိမြို့နယ်၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

**နေပြည်တော် မေ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၌ အများပြည်သူများ အပူဒဏ်အန္တရာယ်မှ ကင်းဝေးစေရန်နှင့် ကျန်းမာရေး ကဏ္ဍဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများအား သက်ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်လျက်ရှိသည်။



ဒက္ခိဏသီရိမြို့နယ် ပြည်သူ့ဆေးရုံ၌ အပူဒဏ်ကြောင့် လာရောက်ပြသသည့် လူနာများအား အချိန်နှင့်တစ်ပြေးညီ ကုသပေးနိုင်ရန်အတွက် လေအေးပေးစက်များ တပ်ဆင်ထားရှိသည့် သီးသန့်အခန်းများကို ပြင်ဆင်ထားရှိပြီး လိုအပ်သော အရေးပေါ်ဆေးဝါးများနှင့် ဆေးပစ္စည်းကိရိယာများကိုလည်း အလုံအလောက် အဆင်သင့်စုဆောင်းပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ အပူဒဏ်အန္တရာယ်မှ ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များကိုသိရှိစေရန်အတွက် အခြေခံကျန်းမာရေး ဝန်ထမ်းများက ရပ်ကွက်/ကျေးရွာများအထိ ကွင်းဆင်း၍ ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်သူရဦး(ဒက္ခိဏ)**

## ၂၀၂၆ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station – (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$)နှင့်Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုဒ် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုဒ် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**



## ကျိုက်မရောမြို့နယ်၌ အစိုးရ ပါဠိပထမပြန်စာမေးပွဲနှင့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ကျိုက်မရော မေ ၄**

ကျိုက်မရောမြို့နယ်၌ အစိုးရ ပါဠိပထမပြန်စာမေးပွဲနှင့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျိုက်မရောမြို့ဘုရားကြီး ကျောင်းတိုက်ရှိ ဒက္ခိဏာရာမိက ဗိမာန်တော်ကြီး၌ ပြုလုပ်သည်။

ဦးစွာ ဘုရားကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဝါရိန္ဒထံမှငါးပါးသီလခံယူပြီးကြွရောက်တော်မူကြသော ဆရာတော် အရှင်သူမြတ်များမှ မေတ္တာသုတ်တော်ရွတ်ပွားပြီး ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ကြီးကြပ်ရေးဆရာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးစိန်ဝေက စူဠဘွဲ့နှင်းသဘင်ဆောင်ရွက်ရခြင်းနှင့် သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကြီး၌ အောင်မြင်တော်မူကြသည့် ပထမတန်း၊ အခြေပြုမူလတန်းနှင့် ပထမလတ်တန်းစာမေးပွဲတွင်အောင်မြင်တော်မူခဲ့ကြသည့် သံဃာတော်များအား တာဝန်ရှိသူများက ဂုဏ်ပြုအောင်လက်မှတ်နှင့် အောင်ဆုအလှူငွေများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**



## ရွှေတောင်မြို့နယ်၌ အရည်အသွေးကောင်းစပါး ရေဆင်းပေါ်ဆန်းမျိုးများ စိုက်ပျိုး

**ရွှေတောင် မေ ၄**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရာတွင် အရည်အသွေးမြင့် ပေါ်ဆန်းမျိုးများ လုံလောက်စွာရရှိစေရန် ရည်ရွယ်၍ မျိုးစေ့ထုတ်အရည်အသွေးကောင်း ရေဆင်းပေါ်ဆန်းမျိုးများ စိုက်ပျိုးထားရှိရာ ရွှေတောင်မြို့နယ်အတွင်း ၂၀၂၅–၂၀၂၆ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် အရည်အသွေးကောင်းရေဆင်း ပေါ်ဆန်း (၁) ဧက ၂၀ နှင့် ရေဆင်းပေါ်ဆင်း (၂) ၂၆ ဧကကို မျိုးစေ့ထုတ်လုပ်ရန်စိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မျိုးစေ့ထုတ်စိုက်ခင်းများအား ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် ပြည်ခရိုင် ဦးစီးမှူး ဦးအောင်စိုးမိုးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး မျိုးသန့်မျိုးပွားမျိုးစေ့ထုတ်လုပ်မှု လမ်းညွှန်ချက်များအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ရန်နှင့် ၂၀၂၆–၂၀၂၇ခုနှစ် မိုးစပါးရာသီတွင် အရည်အသွေးကောင်း ပေါ်ဆန်းမွှေးစပါးမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများအား တစ်ကွင်းတစ်ဆက်တည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး အထူးအလေးထား စည်းရုံးပညာပေးဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

